မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၈၆)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က စိန်ဖူးတော်ကို မင်္ဂလာရထားပုံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြစဉ်။ (သတင်းစဉ်)

မြိတ်မြို့စန္ဒဝတီကုန်းတော်၌တည်ထားသည့် မဟာသိဒ္ဓိဇယစေတီ ဌာပနာတော်သွင်းမင်္ဂလာအခမ်းအနား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုပူဇော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ စေတီအထွတ်သို့ ပင့်ဆောင်တင်လှူ

ရန်ကုန် ဧပြီ ၃

တနင်္သာရီတိုင်း မြိတ်မြို့ စန္ဒဝတီကုန်းတော်ပြင်၌တည်ထားသည့် မဟာသိဒ္ဓိဇယစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၄ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး နိုင်ငံတော်နှင့်ပြည်သူ ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်း

တပ်မတော်အစိုးရ နိုင်ငံ့တာဝန်စတင်ယူခဲ့ချိန်မှစ၍ ပြည်နယ်နှင့်တိုင်းအလိုက် ရည်မှန်းချက်များ ချမှတ်ပေးပြီး စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရန် အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နိုင်ငံတော်အစိုးရက ကဏ္ဍအားလုံး၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှစ်(၃၀) နှစ်ရှည်စီမံကိန်း တစ်ရပ်ချမှတ်ပြီး ကာလတို ငါးနှစ်စီမံကိန်းများခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလအလိုက် ရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ဖော်ဆောင်နိုင်သည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီလ ၁ ရက်နေ့က မွန်ပြည်နယ်ခရီးစဉ်အတွင်း ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်–

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ညီလက်ညီ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲဆောင်ရွက်ချက်များကြောင့် ပေါ်ထွန်းခဲ့သည့် နိုင်ငံတော်သစ်တည်ဆောက်ရေး အခြေခံကောင်းများအပေါ် အခြေခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံ ကောင်းများ ရရှိနေသည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေခံကောင်းများပါ ပိုမိုခိုင်မာလာပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝအခြေခံကောင်းများလည်း တိုးတက်ဖြစ်ထွန်းနေပြီ ဖြစ်သည်။ ယခုကဲ့သို့ ဒေသများ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ အေးချမ်းလုံခြုံစွာ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်လာနိုင်ခြင်းကြောင့် ဖြစ်ပေသည်။

ယင်းကဲ့သို့ အခြေအနေကောင်း၊ အခွင့်အလမ်းကောင်းများကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ဖော်ထုတ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်ကို စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်အောင်မြင်မြင် ဖော်ဆောင်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်ထောင်စုကြီးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်သည်ကို နားလည်သိမြင်ထားရမည် ဖြစ်သည်။ နိုင်ငံတော်ကြီး တစည်းတလုံးတည်းရှိမှသာ အေးချမ်းတည်ငြိမ် တိုးတက်ဖြစ်ထွန်းမှုများ ဖြစ်ပေါ်လာမည် ဖြစ်သည်။ အေးချမ်းတည်ငြိမ်မှုရှိမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အစဉ်ရပ်တည်နိုင်မည်ဖြစ်ပေရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးအနက်ထား ကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးကြရမည့်သူများသည် နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာနှင့် ကြိုးပမ်းဆောင်ရွက်မှုများကို ပြည်သူများ သိမြင်နားလည်အောင်၊ ပြည်သူများ၏ လေးစားမှု ခံယူထိုက်သူများဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ပေါ်ထွက်လာသည့် အခြေခံကောင်းများအပေါ် အခြေခံပြီး တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်နှင့်လက်တွဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ညီညီညွတ်ညွတ် ဆက်လက်ကြိုးပမ်း သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထုတ်လုပ်မှုစရိတ်လျှော့ပြီး ပြည်ပရော်ဘာဈေးကို အားထားရမှုလျှော့ကျရန် ရှန်းထိုင်းရော်ဘာလက်အိတ်ကုမ္ပဏီ ရော်ဘာစေးစက်ရုံထူထောင်မည်

ဗန်ကောက် ဧပြီ ၁

ရှန်းထိုင်း ရော်ဘာလက်အိတ်ထုတ်လုပ်သည့် ကုမ္ပဏီသည် ယင်း၏ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချရန်နှင့် ပြည်ပရော်ဘာစေးအပေါ် အားထားရမှုကို လျော့နည်းအောင်ကြိုးပမ်းရာတွင် ယင်း၏ရော်ဘာလက်အိတ်ထုတ်လုပ်မှု လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းပေးနိုင်ရန် ရော်ဘာစေးစက်ရုံတစ်ရုံထူထောင်သွားရန် စီစဉ်ထားသည်။

အဆိုပါရော်ဘာစေး စက်ရုံသည် ရှစ်လခန့်တွင် အသင့်ရှိမည်ဖြစ်ပြီး တစ်နှစ်လျှင် ရော်ဘာစေး မက်ထရစ်တန် ၁၁၀၀၀ ခန့် ထုတ်လုပ်နိုင်စွမ်း ရှိမည်ဖြစ်သည်။

လက်မှတ်ရေးထိုး

နယူးမတ်ကက်မှ ပေးပို့သော သတင်း၌ အမေရိကန်အဲဘော့စ် ကော်ပိုရေးရှင်းသည် ဖိနပ်နှင့်တာယာ အပါအဝင် ရော်ဘာထုတ်ကုန်များ ပြုလုပ်သည့် ကော်ပိုရေးရှင်းဖြစ်ပြီး ယင်း၏ ယူအက်စ်စက်မှုကုန်ထုတ်စွမ်းအားကို နှစ်စဉ်ပေါင်သန်း ၁၀၀ အထိ တိုးချဲ့သွားမည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

အဲဘော့စ်သည် သဘောတူချက်ကို စကော့တလန်နက်ခ်ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ရော်ဘာအခြေခံ ဒြပ်ပေါင်းများ၏အရည်အသွေးမြင့်မားအောင်ပြုလုပ်ရန် အတွက် စက်ရုံတစ်ရုံကို ငှားရမ်းမည် ဖြစ်သည်။

ဗီယက်နမ်ရော်ဘာ

ဗီယက်နမ် နိုင်ငံသည် ယခုနှစ်တွင် ဗီယက်နမ်ရော်ဘာကို အများဆုံးတင်သွင်းသည့် တရုတ်နိုင်ငံသို့ ၎င်း တင်ပို့ရောင်းချခဲ့သော ရော်ဘာမှနေ၍ ဒေါ်လာသန်း ၄၈၀ ရမည် ဖြစ်ရာ ယမန်နှစ်ကရရှိခဲ့သည့် ဒေါ်လာ ၃၅၇ သန်းထက် မြင့်တက်လာမည် ဖြစ်သည်။ ယခုနှစ်၏ ပထမ သုံးလအတွင်းမှာပင် ကမ္ဘာ့ ရော်ဘာဈေးကွက်သို့ ဗီယက်နမ်နိုင်ငံက ယင်း၏ ရော်ဘာကို တန်၁၀၃၀၀၀၊ တန်ဖိုးအားဖြင့် ဒေါ်လာသန်း ၁၂၀ဖိုး တင်ပို့ရောင်းချ ရန် ခန့်မှန်းထားသည်။

စိုက်ပျိုးထား

ယခုအခါ ဗီယက်နမ်နိုင်ငံသည် ရော်ဘာပင်များကို မြေဟက်တာ ၄၆၁၀၀၀ခန့်တွင် စိုက်ပျိုးထားရှိကြောင်း အထွေထွေစာရင်းအင်းရုံးဖော်ပြချက်အရ သိရသည်။ **(အင်တာနက်)**

ဒုတိယမြောက် ရဟန်းမင်းကြီးဂျွန်ပေါလ်ကွယ်လွန်

ရောမ ဧပြီ ၃

ဒုတိယမြောက် ရဟန်းမင်းကြီး ဂျွန်ပေါလ်သည် အသက် (၈၄)နှစ် အရွယ်တွင် စနေနေ့၌ ကွယ်လွန်သွားခဲ့သည်ဟု ဗာတီကင်က ကြေညာသည်။ ရဟန်းမင်းကြီးသည် တုပ်ကွေးကြောင့် အသက်ရှူမရဖြစ်ခြင်း၊ လည်ချောင်းနာခြင်းအပြင် အခြားဖြစ်ပေါ်လာသော ရောဂါများကြောင့် ဖေဖော်ဝါရီလထဲ၌ နှစ်ကြိမ်ဆေးရုံတက်ခဲ့ရသည်။ နှလုံးရောဂါနှင့် ကျောက်ကပ်အလုပ်မလုပ်သည့် ဝေဒနာတို့ကို ခံစားရပြီးနောက် ဗာတီကင်၌ စနေနေ့က ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

ဂျွန်ပေါလ်အား ၁၉၂၀ပြည့်နှစ် မေ၁၈ရက်၌ ပိုလန်နိုင်ငံ ဝါဒိုဝစ်မြို့တွင် မွေးဖွားခဲ့ပြီး ကရာကိုးရှိ ဂျာဂျီလွန်နီယံ တက္ကသိုလ်နှင့် ရောမရှိ အန်ဂျယ်လီကမ်တို့၌ ပညာဆည်းပူးခဲ့သည်။ ၎င်းသည် ၁၉၇၈ခုနှစ် အောက်တိုဘာလထဲ၌ ရဟန်းမင်းကြီးအဖြစ် အရွေးခံခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ



ကုလသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ထောက်ခံမှုပေးရန် ဘရာဇီးသမ္မတအား ကိုဖီအာနန် တိုက်တွန်းပြောဆို

ဘရာဇီးလီးယား ဧပြီ ၂

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ကုလသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ထောက်ခံမှုပေးရန် ဘရာဇီးသမ္မတ လူဝစ်အင်နာစီယို လူလာဒီဆင်လ်ဗာနှင့် ဗုဒ္ဓဟူးနေ့က တယ်လီဖုန်းနှင့် ပြောဆိုဆွေးနွေးခဲ့သည်။

အဆိုပြု

ထိုသို့ ဆွေးနွေးရာ၌ သမ္မတလူလာက ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးကိစ္စကို ထောက်ခံရန် မိမိအနေဖြင့် ယေဘုယျအားဖြင့် ကတိပေးကြောင်း အတည်ပြုခဲ့သည်ဟု ဘရာဇီးအစိုးရက ပြောကြားသည်။ လွန်ခဲ့သည့်ကိုးရက်တွင် အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂကို ပြောင်းလဲမှုများလုပ်ရန် အဆိုပြုခဲ့သည်။ အထွေထွေညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာတွင် လုံခြုံရေးကောင်စီကို တိုးချဲ့ဖွဲ့စည်းရန်အပြင် စစ်အင်အားကို အသုံးပြုရေးအတွက် ရှင်းလင်းတိကျသော စည်းမျဉ်းဥပဒေများ ထုတ်ပြန်ရန် အာနန်က အဆိုပြုခဲ့သည်။

ပြန်လည်ဖွဲ့စည်းရန်လိုအပ်

ဘရာဇီးနိုင်ငံ၏ လက်ရှိအစိုးရသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းတစ်နေရာ ရရှိရေးအတွက် မူဝါဒကို အားပေးထောက်ခံခဲ့သည့်ပြင် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်းကမ္ဘာ၌ ဖြစ်ပေါ်ပြောင်းလဲမှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ပြန်လည် ဖွဲ့စည်းရန် လိုအပ်သည်ဟု ဘရာဇီးနိုင်ငံက ရှုမြင်ခဲ့သည်။

ဖော်ပြခဲ့

တယ်လီဖုန်းဖြင့် ပြောဆိုဆွေးနွေးစဉ် အတွင်းရေးမှူးချုပ်က ပြီးခဲ့သည့်အပတ်၌ မိမိတင်သွင်းခဲ့သည့် အစီရင်ခံစာတွင် ဆင်းရဲသော နိုင်ငံများသို့ ဘရာဇီးနိုင်ငံကပေးသော အထောက်အကူနှင့်ဘရာဇီးအစိုးရ၏ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး အစီအစဉ်တို့ကို မိမိဖော်ပြခဲ့ကြောင်း ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စေတီတော်အတွက် အလှူတော်ငွေများ လှူဒါန်း
မြိတ်မြို့ ညရှုခင်းကို စေတီတော်ရင်ပြင်မှ ကြည့်ရှု

*** ဗိုလ်ချုပ်မှူးကြီးမှ**
ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၂ ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်း မြိတ်မြို့သို့ ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီတွင် မြိတ်လေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား မြိတ်လေဆိပ်တွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ

တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်ငိုင်း၊ မြိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်(ရေ)၊ ဗိုလ်မှူးချုပ်ဇင်ယော်(လေ) နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာနှင့် မိသားစုများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်မှု၊ မြိတ်မြို့ ကမ်းနားလမ်းသာယာလှပရေး ဆောင်ရွက်ထားမှု၊ မြိတ် စက်မှုဇုန်နှင့် မြိတ်မြို့ လမ်း၊ တံတားအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်သို့ သွားရောက်၍ ပန်း၊ ဆီမီး၊ နံ့သာတို့ဖြင့် စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်မှ မြိတ်မြို့ ညရှုခင်းကို ကြည့်ရှုကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် သမုတ်သိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအားလည်း ဝင်ရောက် ဖူးမြော်ကြည်ညိုကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ပြီး ခွဲစိတ်ဆောင်နှင့် အခပေးကုသဆောင် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ဆေးကုသဆောင်များကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဝန်ကြီးသည် တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်သွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များအား တွေ့ဆုံမှာကြားသည်။

ရှင်းလင်း

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ မြိတ်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေးကျွန်းဆီမီးစေတီတော်ရင်ပြင် သမုတ်သိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာသကြံန်
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The First Industrial Revolution. (စီးပွားရေးအထူးပြု-ဒုတိယနှစ်)
၅:၁၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၁၀။ မြန်မာသကြံန်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"**(အပိုင်း-၂၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မေးမြန်းစုံစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၃၀) ဇာတ်သိမ်း

အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး သိက္ခာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ၁၀ မိုင် အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး အရှင်ဘဒ္ဒန္တစတိလ၏ သက်တော်(၈၅)နှစ် သိက္ခာတော်(၆၅)ဝါပြည့်မြောက် သိက္ခာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက်တွင် အဆိုပါအောင်စေတီ သာသနာ့ဗိမာန်ကျောင်း၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၉ နာရီတွင် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၂၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၄၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Pham Van Cu ၊ စစ်သံမှူး Sr, Colonel, Nguyen Van Thanh နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh နှင့်အဖွဲ့ဝင်များသည် အမှတ်(၁)တပ်မတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ဆက်လက်ဖွင့်လှစ်ပြသသည်။

အထူးပြခန်းတစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌ နေ့စဉ် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအတွင်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများအပါအဝင် ရပ်ဟန်းရှင်လူပြည်သူများ လာရောက် ကြည့်ရှုလေ့လာကြသည်။ ပြပွဲကို ဧပြီ ၄ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ရပ်ဟန်းရှင်လူပြည်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများ၊ တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ဟန်းရှင်လူပြည်သူများ လာရောက် ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာ ပြိုင်ပွဲပြပွဲဆိုင်ရာ ဉာဏ်စမ်း မေးခွန်း ဖြေဆိုပွဲကို နေ့စဉ်ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။ အဆိုပါ ပြိုင်ပွဲပြပွဲကို ဧပြီ ၄ရက်အထိ ဖွင့်လှစ်ပြသထားမည် ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာခါရစ် အမ်ကာစူရီ၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့တွင် ဧပြီ ၅ရက်မှ ၇ရက်အထိ ကျင်းပမည့် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ(အေစီဒီ)၏ စတုတ္ထအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အစ္စလာမာဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီးဦးဉာဏ်ဝင်းအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး မစ္စတာမူဟာမ်မက်နဝပ်(ဓ်)ချောင်ဒူရီနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ ကချင်ပြည်နယ် မိုးကောင်းတံတား
၈:၂၀ ၈။ ခါသကြိန်အဆိုအကများ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၂၅ ၇။ တေးသရုပ်ဖော်အစီအစဉ်
၁၇:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၅ ၁၀။ ခါသကြိန်အဆိုအကများ
၁၈:၁၀ ၁၁။ Discovery
၁၈:၁၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၈၁)
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မှာ
၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၄၅ ၁၈။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟေမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၅)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ်(ဘားအံ)ပင်မဆောင်ဖွင့်လှစ်ပေး ကရင်ပြည်နယ်ရှိ ကျောင်းသားလူငယ်များ စရိတ်စကသက်သာစွာဖြင့် အဆင့်မြင့်နည်းပညာလက်လှမ်းတမီသင်ယူနိုင် နည်းပညာကောလိပ်ကို အသွင်သဏ္ဍာန်ရောအနှစ်သာရပါ အဆင့်အတန်းရှိရေး ဝိုင်းဝန်းကြိုးစား

ရန်ကုန် ဧပြီ ၃

ကရင်ပြည်နယ် ဘားအံမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ အစိုးရနည်းပညာကောလိပ်(ဘားအံ)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အစိုးရနည်းပညာကောလိပ်(ဘားအံ)ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်နှင့် စည်တော်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားအထိမ်းအမှတ်အဖြစ် ပင်မဆောင်ရှေ့၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါအစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မဆောင်ရှေ့၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ယုဇနကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဒေါက်တာမြတ်လှိုင်တို့က အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပင်မဆောင်ရှေ့၌ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပင်မဆောင်ရှိ ကမ္ပည်းမော်ကွန်းကြေးပြား ဖွင့်လှစ်ခြင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပင်မဆောင်ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပင်မဆောင်ရှိ အစည်းအဝေးခန်းမ၌ ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အစိုးရနည်းပညာကောလိပ်(ဘားအံ) ကျောင်းအုပ်ကြီးဒေါ်သန်းသန်းဌေးက အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မအဆောက်အအုံသစ် တည်ဆောက်ခဲ့မှုအခြေအနေ၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်သင်တန်းများ၊ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားလျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်ဘားအံဒေသ၌ နေထိုင်ကြသည့် ကျောင်းသား လူငယ်များ အဆင့်မြင့်နည်းပညာများကို စရိတ်စက သက်သာစွာဖြင့် လက်လှမ်းတမီ သင်ယူရေး၊ ကရင်ပြည်နယ်မှ အရည်အချင်းမြင့်မားသော အတတ်ပညာရှင်၊ အသိပညာရှင်စသည့် ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် အခြေခံအဆောက်အအုံတစ်ခုကို ပုံသဏ္ဍာန်အရရော၊ အနှစ်သာရအရပါ ခိုင်ခိုင်မာမာ ထူထောင်လိုက်ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုနိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် တည်ဆောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ရှိရှိ မနားမနေ လုပ်ကိုင် ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အလေးထားလုပ်ကိုင်

တိုင်းပြည်ကို စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုကို အောင်မြင်ချောမွေ့စွာကူးပြောင်းနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ လိုအပ်သည့် အခြေခံများ ပြည့်စုံအောင် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြို နိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးတိုးတက်စေရမည်၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး ကျော့သားရင်သား မခြားနားဘဲ တိုးတက်စေရမည်ဆိုသည့် မွန်မြတ်သောရည်မှန်းချက်ကို အမြဲအလေးထား လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤနေရာတွင် **"ပြည်နယ်၊တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသား ပြည်သူအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတွေဖြစ်ကြတဲ့အတွက် တစ်ဦးချမ်းသာကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေရတယ်"**။

စေတနာအရင်းခံ

"နိုင်ငံတော်အစိုးရဟာ မိဘသဖွယ် မိမိရဲ့သွေးသားတွေဖြစ်တဲ့ တိုင်းရင်းသားများ ကောင်းစားရေး၊ တိုင်းရင်းသားများရဲ့ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်

စာမျက်နှာ ၆ ကော်လံ ၁

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ်အတွင်း ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ရှေ့တွင် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ရှိတယ်။ မည်သည့်တိုင်းရင်းသား သားသမီးမဆို သာစေ နာစေဆိုတဲ့ ခွဲခြားစိတ်မရှိ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်တာ အမှန်ပဲ ဖြစ်တယ်"ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မိန့်ကြားချက်သည် တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နိုင်ငံတော်၏ထားရှိသည့် ဖြူစင်သောစေတနာ အရင်းခံပင်ဖြစ်ကြောင်း။

ယင်းခံယူချက်၊ ယင်းသဘောထားနှင့်ပင် တိုင်းခုနစ်တိုင်း၊ ပြည်နယ်ခုနစ်ပြည်နယ်တို့ဖြင့် ဖွဲ့စည်းတည်ရှိနေပြီးဖြစ်သည့် ပြည်ထောင်စုကြီး တစ်ရပ်လုံး တင်းပြည့်ကျပ်ပြည့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ကိုင်ရာတွင် ကရင်၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်း၊ ကချင်၊ ကယား၊ ရခိုင်စသော တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပါတည်း ဖိဖိစီးစီး အကောင်အထည်ဖော်ပေးနေခြင်းဖြစ်ကြောင်း။

တိုးတက်လာမည်

ကရင်ပြည်နယ်သည် ရန်ကုန်မြို့တော်နှင့် အလှမ်းမဝေးသော်လည်း လက်နက်ကိုင် သောင်းကျန်းမှုဒဏ် အပါအဝင် လူမှုဒုက္ခအမျိုးမျိုးကြောင့် အချည်းနှီးဖြစ်ခဲ့ရသည့် နှစ်ကာလများ ရှည်ကြာခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု နေးကွေးရသည့် ပြည်နယ်ဖြစ်ကြောင်း၊ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်မှသာ အခြားပြည်နယ်၊ တိုင်းများနှင့် တန်းတူရည်တူ အမီလိုက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် ပြည်နယ်ဖြစ်နေသည့်အတွက်လည်း ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးမှုအားကောင်းနေရန် အထူးလိုအပ်ကြောင်း၊ သို့မှသာ ပြည်နယ်၏အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးစွမ်းအားခိုင်မာတိုးတက်တောက်ပြောင်လာမည် ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် ဒေသခံပညာတတ်များ မွေးထုတ်နိုင်ရန်အတွက် ဘားအံတက္ကသိုလ်၊ ဘားအံနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကို တိုးချဲ့ဖွင့်လှစ်ထူထောင်နေခြင်းဖြစ်ကြောင်း၊ ဤတက္ကသိုလ်၊ ကောလိပ်များက မွေးဖွားလာသည့် ပညာတတ်များသည် ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားဂုဏ်သိက္ခာမြင့်မားရေးတို့ကို ဦးဆောင်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ဒေသ၏ အကျိုးနှင့် ပြည်ထောင်စုကြီး၏ အကျိုးကို ချိတ်ဆက်အကောင်အထည်ဖော်သွားကြရမည် ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း ဘားအံ၌ အထွေထွေရောဂါကုဆေးရုံကြီးပေါ်ထွန်းလာသည့်အပြင် အခြားဆေးရုံ၊ ဆေးပေးခန်းများလည်း တိုးချဲ့ဖြစ်ပေါ်လာခဲ့သည့်အတွက် ပြည်နယ်၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများသည် ပို၍ကျယ်ပြန့်လွှမ်းခြုံလာလျက်ရှိကြောင်း။

လွယ်ကူစွာသွားလာနိုင်

ထို့အပြင် နိုင်ငံတော်အစိုးရသည် သွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် သံလွင်တံတား(ဘားအံ)၊ ဂျိုင်း(ဇာသပြင်)တံတား၊ ဂျိုင်း(ကော့ကရိတ်) တံတား၊ ဒေါ်လန်းတံတား၊ ဒုံသမိတံတားစသော မြစ်ကူးချောင်းကူးတံတားများအပြင် ဘားအံ–ဟိန္ဒူ–ဇာသပြင်–မော်လမြိုင်ကားလမ်းသစ်ကို ဖောက်လုပ်ခဲ့သကဲ့သို့ လမ်းဟောင်းများကိုလည်း တိုးချဲ့ပြုပြင်ခဲ့ကြောင်း၊ ထို့ကြောင့် ဘားအံမှ ရန်ကုန်နှင့် ဘားအံမှ မော်လမြိုင်တို့ကို ပြည်သူများသည် လွယ်ကူမြန်ဆန်စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း။

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍစုံတွင် အခြေခံကောင်းများတိုးချဲ့ထူထောင်နိုင်ခဲ့သည့်အတွက် ယနေ့ ကရင်ပြည်နယ်သည် ရှေးယခင်ကနှင့်မတူဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း။

လက်နက်ကိုင် ဆန့်ကျင်မှုများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့လွှမ်းခြုံလာမည်ဆိုလျှင် ရာနှုန်းပြည့်ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိသည့် ကရင်ပြည်နယ်အဖြစ်၊ တိုးတက်ဖွံ့ဖြိုးမှုအားကောင်းသော ပြည်နယ်အဖြစ် အမှန်တကယ်ပြောင်းလဲတိုးတက်သွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် နေထိုင် ကြသည့် တိုင်းရင်းသား ပြည်သူများသည် မငြိမ်းချမ်းသည့်ဘဝ၊ ကျီးလန့်စာစားနေထိုင်ရသည့်ဘဝတို့မှ လွန်မြောက်သင့်ပြီဖြစ်ကြောင်း။

မျက်ဝါးထင်ထင်ဖြစ်

ယနေ့ကြည့်မည်ဆိုလျှင် တည်ငြိမ်အေးချမ်းမှုရပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား နားလည်မှု၊ စာနာမှုနှင့် ယုံကြည်မှုများ တည်ဆောက်နိုင်သည့် ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုပြီးတိုးချဲ့ထူထောင်အားပေးနိုင်သည့်အတွက် မည်ရွေ့ မည်မျှ တိုးတက်နေသည်ဆိုသည်ကို မျက်ဝါးထင်ထင်ပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက တိုင်းပြည် တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ပြည်နယ်၊တိုင်းဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို ဖောက်ချဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ သယံဇာတအရင်းအမြစ်များ ရှိပါလျက်၊ မိမိတို့လူမျိုးများ၏ ပင်ကိုအရည်အသွေး မြင့်မားပါလျက် စည်းလုံးညီညွတ်မှု အားနည်းခဲ့၍ မဖွံ့ဖြိုး မတိုးတက်ရသည့် အတိတ်၏ သမိုင်းကြွေးကို မိမိတို့၏လက်ထက်တွင် ကျေအောင်ပေးဆပ်နိုင်ရမည် ဖြစ်ကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်နေသည့် ပတ်ဝန်းကျင်အမွေကောင်းကို လက်ဆင့်ကမ်းပေးနိုင်ရမည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးတွင် ဘားအံအပါအဝင် ဖွံ့ဖြိုးရေးဒေသကြီး၂၄ခု သတ်မှတ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ တိုးချဲ့ထူထောင်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် တက္ကသိုလ်၊ ကောလိပ်ပေါင်း၁၅၆ခုအထိရှိပြီး တက္ကသိုလ်၊ ကောလိပ်ကျောင်းသား၊ကျောင်းသူပေါင်းကိုးသိန်းကျော်အထိ မြင့်မားတိုးတက်လာနေပြီဖြစ်ကြောင်း၊ ရှေးယခင်က ရန်ကုန်နှင့် မန္တလေးမြို့ကြီး ပြကြီးများ၌သာ အဆင့်မြင့်ပညာ၊ တက္ကသိုလ်ပညာကို သင်ကြားနိုင်သည့် အနေအထားမှ ယနေ့ဆိုလျှင် ဒေသအလိုက် လက်လှမ်းမီ အဆင့်မြင့်ပညာများကို သင်ကြားနိုင်သည့်အနေအထားကို ကူးပြောင်းရောက်ရှိနေပြီဖြစ်ကြောင်း။

အနာဂတ်ကိုဖန်တီး

ယနေ့ကမ္ဘာတွင် အိုင်တီဟုခေါ်သည့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာသည် အရှိန်အဟုန်ပြင်းထန်စွာဖြင့် ပြောင်းလဲနေသည့်ကာလဖြစ်ကြောင်း၊ ယင်းပြောင်းလဲမှုများသည် လူ့အဖွဲ့အစည်း၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအားလုံးကိုပါ အရှိန်အဟုန်ဖြင့် အကျိုးသက်ရောက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် ယင်းပြောင်းလဲမှုအရှိန်အဟုန်ကို အမီလိုက်နိုင်ရန်အတွက် မိမိတို့၏ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ပြုပြင်ပြောင်းလဲတည်ဆောက်နေရခြင်းဖြစ်ကြောင်း၊ ပညာရေးစနစ်သည် ခေတ်နှင့်အညီဖြစ်ပေါ်နေသည့် ပညာရပ်များကို အချိန်နှင့်တစ်ပြေးညီအစဉ်အမြဲလေ့လာသင်ယူနေသည့် အရည်အသွေးမြင့်မားသော လူ့အရင်းအမြစ်များကို လက်တွေ့ကျကျမွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ပညာရေးသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးပြုပြင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မူလတန်းပညာလူတိုင်း တတ်မြောက်ရေး၊ အလယ်တန်းပညာ လူတိုင်းတတ်မြောက်ရေး၊ အထက်တန်းပညာလူတိုင်းတတ်မြောက်ရေးဆိုသည့် ပညာရေးရည်မှန်းချက်များနှင့်ပင် ရောင့်ရဲတင်းတိမ်နေ၍ မဖြစ်တော့ဘဲ အဆင့်မီပညာကို နိုင်ငံသားတိုင်း လက်လှမ်းတမီ သင်ယူနိုင်ရန်အတွက် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများသာမက တက္ကသိုလ်၊ ကောလိပ်များကို ပညာသင်ကြား

စာမျက်နှာ ၁၂ ကော်လံ ၁

ဖွံ့ဖြိုးတိုးတက်သည့် ပတ်ဝန်းကျင်အမွေကောင်း လက်ဆင့်ကမ်းနိုင်ရမည်

နိုင်ငံတော်အစိုးရက တိုင်းပြည် တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ပြည်နယ်၊ တိုင်း ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို ဖောက်ချဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ သယံဇာတအရင်းအမြစ်များ ရှိပါလျက်၊ မိမိတို့လူမျိုးများ၏ ပင်ကိုအရည်အသွေးမြင့်မားပါလျက် စည်းလုံးညီညွတ်မှု အားနည်းခဲ့၍ မဖွံ့ဖြိုးမတိုးတက်ရသည့် အတိတ်၏ သမိုင်းကြွေးကို မိမိတို့၏ လက်ထက်တွင် ကျေအောင်ပေးဆပ်နိုင်ရမည် ဖြစ်ကြောင်း၊ နောင်လာ နောက်သား မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်နေသည့် ပတ်ဝန်းကျင် အမွေကောင်းကို လက်ဆင့်ကမ်းပေးနိုင်ရမည်။

4-4 (06).p65 1 3/24/05, 5:01 PM

* ရှေ့ဖုံးမှ

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသည့် ဆရာတော် သံဃာတော် ၁၀၈ ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြိတ်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတီတော်တည်ဆောက်ရေး ကော်မတီဝင်များ၊ အလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တနင်္သာရီတိုင်း မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အဖွဲ့ဝင်များနှင့်အတူ နံနက် ၆နာရီ ၄၅မိနစ်တွင် မဟာသိဒ္ဓိဇယစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း၍ မြသပိတ်ဖြင့် သစ်သီးဆွမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့သည် တောင်အရပ်ရှိ ကကုသန္ဓ ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း၍ မြသပိတ်ဖြင့် သစ်သီးဆွမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့သည် အနောက်အရပ်ရှိ ကောဏာဂမန ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း၍ မြသပိတ်ဖြင့် သစ်သီးဆွမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့သည် မြောက်အရပ်ရှိ ကဿပ ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း၍ မြသပိတ်ဖြင့် သစ်သီးဆွမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးစဉ်။ (သတင်းစဉ်)

မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် စိန်ဖူးတော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ထို့နောက် မဟာမင်္ဂလာအခမ်းအနားအစီအစဉ်ကို နံနက်၇နာရီတွင် စေတီတော်လိုဏ်အတွင်း၌ စတင်ကျင်းပရာ သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

တီးခတ်ပူဇော်

အစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံကျော် အဆိုတော်ဦးထွန်းရွှေက ကမ်းရိုးတန်းဒေသ တိုင်းမင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့် တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွင့် ‘ထူးမခြားနား’ သီချင်းကို သီဆိုပူဇော်ပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရုမှုတ်၍ အောင်စည်အောင်မောင်း ကိုးကြိမ်တီးခတ်ပူဇော်သည်။

ခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ထားဝယ်မြို့ ဃောသိတာရာမ တိုက်သစ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

မဟာသိဒ္ဓိဇယစေတီတော်အား မြိတ်မြို့အရှေ့မြောက်ဘက်ခြောက်မိုင်ခန့်အကွာ စန္ဒဝတီကုန်းတော်ပြင်၌ ဉာဏ်တော်အမြင့် ၁၀၈ပေရှိသည့် ရွှေတိဂုံပုံတူစေတီတော်အဖြစ်တည်ထား

သမ္ဗုဒ္ဓနှင့် စေတိယ ဝတ္ထုကံမြေများကို သာဟတ္ထိက ဒါနမြောက် ကိုယ်တိုင်လက်ရောက် ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များသည် ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရသည် ငှက်မြတ်နားတော်အား ပင့်ဆောင်သည်။

အစီအစဉ်အတိုင်းပင့်ဆောင်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များသည် ဆည်းလည်းပဒေသာ၊ ရွှေစေတီနှင့် ရွှေဆင်းတုတော်များ၊ ငွေဆင်းတုတော်များ၊ ကျောက်စိမ်းဆင်းတုတော်များ၊ ဌာပနာတော် ပစ္စည်းများကို အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ထိုကဲ့သို့ စေတီတော်လိုဏ်မှ မင်္ဂလာရထားပျံမဏ္ဍပ်သို့ စေတီတော်အား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ရာတွင် မင်္ဂလာစည်တော်အဖွဲ့နှင့် တေးသံရှင်များက ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

ထို့နောက်အထက် ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားတွင်

နေ့ဆွမ်းဆက်ကပ်

မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့နောက် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ပက်ဖျန်းချည်နှောင်

ဆက်လက်၍ ဉပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ရတနာစိန်ဖူးတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်အား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ငှက်မြတ်နားတော်၊ ပရိက္ခရာရှစ်ပါးနှင့်အတူ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်က စေတိယ၊ စေတိယသမ္ဘာရ၊ စေတိယ ပရိဝါရ၊ စေတိယင်္ဂဏ၊ စေတိယ ပါကာရ၊ စေတိယ



လှူဖွယ်ပစ္စည်းလောင်းလှူ

မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်း အနား အပြီး တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

(သတင်းစဉ်)

ထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေရာယူ

ယင်းနောက် ပဒုမာ ရုပ်ပွားဆင်းတုတော်များ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ရန် ဉပါသကာများ၊ ဒေဝါဝင်း ရာဇာဝင်းများသည် သတ်မှတ်နေရာ၌ ကြိုတင်နေရာယူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စိန်ဖူးတော်အား စတင်၍ ပင့်ဆောင်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပါဝင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များသည် အထက်ဌာပနာတော်တိုက်သို့ တက်ရောက်နေရာယူကြပြီး ထိုအချိန်တွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြံပေး အရာရှိ ဦးမင်းကြည်က မင်္ဂလာအခါတော်ကြားစာတမ်းကို ဖတ်ကြားသည်။

ပင့်ဆောင်တင်လှူ

ထို့နောက် နံနက် ၈နာရီ ၃၀ မိနစ် ၅၀စက္ကန့်အချိန်တွင် အခမ်းအနားမှူးက မင်္ဂလာအခါတော်ဟု ကြွေးကြော်သည်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တပ်မတော်(လေ) မြလေယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့ မင်္ဂလာရထားပျံဖြင့် ငှက်မြတ်နားတော်အား နံ့သာရည်များ ပက်ဖျန်းပူဇော်ပေးကြပြီး စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

4-4 (08).p65 1 3/24/05, 5:01 PM

ထိုအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဒက္ခိဏဒိသာတောင်အရပ်ရှိ အထက်ဌာပနာတော်တိုက်၌ ဌာပနာတော်များကို ဌာပနာသွင်းလှူ ပူဇော်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပစ္ဆိမဒိသာ အနောက်အရပ်ရှိ အထက်ဌာပနာတော်တိုက်၌ လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဥတ္တရဒိသာ မြောက်အရပ်ရှိ အထက်ဌာပနာတော်တိုက်၌လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ပုရတ္ထိမဒိသာ အရှေ့အရပ်ရှိ အထက်ဌာပနာတော်တိုက်၌လည်းကောင်း ဌာပနာတော်များကို ဌာပနာသွင်းလှူ ပူဇော်ပေးကြသည်။

ထို့နောက် ဌာပနာတော်များနှင့် ဌာပနာတိုက်များကို နံ့သာရည်များ ပက်ဖျန်း၍ ဌာပနာတော်တိုက်များကို ပိတ်ကြသည်။

ထိုအချိန်တွင် သံဃာတော်များက ဦးဆောင်၍ ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီသော အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

လှူဒါန်းပူဇော်

ယင်းနောက် စေတီတော်ငြမ်းအထက်တွင် ကြိုတင်ရောက်ရှိ နေရာယူထားကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စေတီတော်အထွတ်တွင် ကြိုတင်ပင့်ဆောင်ထားသည့် ရွှေထီးတော်ဘုံဆင့်များကို တပ်ဆင်လှူဒါန်းပူဇော်ပေးကြသည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်းတွင် ဝန်ကြီးများနှင့် အလှူရှင်များသည် အရံစေတီတော်ရှစ်ဆူ၏ ရွှေထီးတော်များကို တင်လှူပူဇော်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်အား နံ့သာရည်များ ပက်ဖျန်း၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် သာသနာ့အောင်လံတော်အား မင်္ဂလာရထားပျံဖြင့်စေတီတော် အထွတ်သို့တင်လှူပူဇော်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကိုတပ်ဆင်လှူဒါန်းပူဇော်ပေးကြပြီး စေတီတော်အားရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းကြသည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်းတွင် ဝန်ကြီးများနှင့် အလှူရှင်များသည် အရံစေတီတော်ရှစ်ဆူ၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးကြသည်။

ထည့်သွင်းပူဇော်

ဆက်လက်၍ မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်း အခမ်းအနားကို စေတီတော်အရှေ့အရပ် သတ်မှတ်နေရာ၌ကျင်းပရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိပင်ကိုစိုက်ပျိုးပူဇော်ရာဌာနသို့ ရှေးဦးစွာ ပင့်ဆောင်၍ ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်ကြသည်။

ထို့နောက် အကြံပေးအရာရှိ ဦးမင်းကြည်က ဗောဓိရက္ခရောပနပူဇာဂါထာကို ရွတ်ဆိုပူဇော်ပြီး သာဓုသုံးကြိမ်ခေါ်ဆိုကြကာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးကြသည်။ ဆက်လက်၍ မြေဆီမြေလွှာ မြေဩဇာများ ထည့်သွင်းပူဇော်၍ ရေစင်ရေကောင်းများ၊ နံ့သာရည်များ သွန်းလောင်းပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ အောင်ဂါထာများ ရွတ်ဆိုပူဇော်၍ ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကိုစေတီတော်လိုဏ်၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စေတီတော် တည်ထားခဲ့သည့် ဗိသုကာပညာရှင်များကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းအား လက်ဆောင်ပစ္စည်းများကို ချီးမြှင့်သည်။

ဆက်လက်၍ အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက မဟာသိဒ္ဓိဇယစေတီတော်မြတ်ကြီးအား မူလအရင်းဖြစ်သည့် ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စေတီတော်တည်ဆောက်ရာတွင် မပြည့်စုံမှု၊ မှားယွင်းမှုများရှိက ခွင့်လွှတ်ပါရန် နတ်ကောင်းနတ်မြတ်များထံ တောင်းပန်လွှာစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့က မဟာသိဒ္ဓိဇယစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က အမျှဝေစာတမ်းကို ဖတ်ကြားပြီး အခမ်းအနားမှူး ဦးသူရက နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဆရာတော် သံဃာတော်များ အား လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်း၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

မဟာသိဒ္ဓိဇယ စေတီတော်အား မြိတ်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ စန္ဒဝတီကုန်းတော်ပြင်၌ ဉာဏ်တော်အမြင့်၁၀၈ပေရှိသည့် ရွှေတိဂုံပုံတူစေတီတော်အဖြစ် တည်ထားခြင်းဖြစ်သည်။

(သတင်းစဉ်)

မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများလောင်းလှူစဉ်။

(သတင်းစဉ်)

ရေစက်သွန်းချ အမျှပေးဝေ

မြိတ်မြို့ မဟာသိဒ္ဓိဇယ စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေစဉ်။

(သတင်းစဉ်)

ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်း တည်ဆောက်ပြီးစီးမှု တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စစ်ဆေး

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘက်ကမ်းရှိ ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးဟန်စိုးက တံတားတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သဃ်န်းကျွန်းမြို့နယ်သုဝဏ္ဏဘက်ကမ်းနှင့် သာကေတမြို့နယ်ဘက်ကမ်းတို့၌ ကမ်းကပ်ခုံများ တည်ဆောက်ပြီးစီးမှု၊ ရေလယ်တိုင်နှင့် Bole Pile တိုင်များဆောင်ရွက်ပြီးစီးမှု၊ ကမ်းကပ်ခုံနှင့် ချဉ်းကပ်တိုင်များအကြား ကွန်ကရစ်ရက်မတပ်ဆင်လျက်ရှိသည့် အခြေအနေနှင့် ကွန်ကရစ်ကြမ်းခင်းများ ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ အရှည် ၈၅ ပေရှိ ကြိုတင်သွန်းလောင်းကွန်ကရစ်ရက်မတပ်ဆင် သွန်းလောင်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်းနှင့် တာဝန်ရှိသူများက တံတားတည်ဆောက်ရေးအတွက် စက်ယန္တရားများနှင့် ပစ္စည်းများ စုဆောင်းရရှိမှုနှင့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားနှင့် ပစ္စည်းများစုဆောင်းထားရှိမှုနှင့် ကမ်းကပ်ခုံများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ရေလယ်တိုင်နှင့်ကွန်ကရစ် Bole Pile တိုင်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ သုဝဏ္ဏဘက်ခြမ်း ကမ်းကပ်ခုံ A1 နှင့် ချဉ်းကပ်တိုင် P1 ကြားကွန်ကရစ်ရက်မ တပ်ဆင်ပြီးစီးမှုနှင့် ကွန်ကရစ်ကြမ်းခင်း ခင်းကျင်းပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ သကြံ့န်တရားစခန်း

ရန်ကုန် ဧပြီ ၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူး (၁၀)မိုင်ကုန်း မုံလယ်တောရဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းကို ဧပြီ၁၀ ရက်မှ ၁၆ ရက်အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်သည်။ စခန်းဝင်လိုသူယောဂီများသည် ဖုန်း-၂၄၇၅၇၆၊ ၅၂၆၄၁၈ နှင့် ၅၄၉၁၂၄ တို့သို့ ဆက်သွယ်နိုင်ပြီး ဧပြီ ၉ ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စု ဖြိုခွဲမည့်အကြံ ဘယ်တော့မှ လက်မခံ

စာဖတ်သူတစ်ဦး

မျက်မှောက်ကာလတွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးကိုအလေးထားဖော်ဆောင်ပေး လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်၏ အုတ်မြစ် ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကို အရှိန်အဟုန်ဖြင့် အောင်မြင်စွာ ကျင်းပနေချိန်လည်းဖြစ်ပေသည်။

၅-၃-၂၀၀၅ ရက်နေ့၌ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး နှိမ်နင်းရေး အဖွဲ့က နယ်စပ်အနီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ပန်မာဖာ မြို့နယ်တွင် ဘိန်းဖြူ ၈၂ ကီလို ဂရမ်နှင့် အတူ ဖမ်းဆီးရမိခဲ့သော SURA အဖွဲ့မှ ဗိုလ်ကြီးအဆင့် ရှိသူ စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရန် အရန်(ဝဲ)သည် ဘိန်းစားပြ ခေါင်းဆောင် ရွက်ဆစ်(ယာ)၏ စိတ်အချရဆုံး လူယုံဖြစ်ကြောင်း ၁၀-၃-၂၀၀၅ ရက်နေ့ထုတ် ဗန်ကောက်ပို့စ် သတင်းစာ၌ ဖော်ပြပါရှိခဲ့သည်။

ထိုကာလတွင် အမျိုးသားညီလာခံနှင့် အချိန်ကိုက်ပြီး ပြည်တွင်း ပြည်ပ အဖျက်သမားများက အနောက် အင်အားကြီးအုပ်စု၏ လေသံကိုလိုက်၍ ဖက်ဒရယ်မူ ကျင့်သုံးရေးဟုဆိုကာ တိုင်းရင်းသား အဖွဲ့အစည်းအချို့ကို မြှောက်ထိုးပင့်ကော် လုပ်လျက်ရှိကြောင်း ကြားသိနေရ ပေသည်။

စာဖတ်သူတစ်ဦးအနေဖြင့် ၁၉၆၂ခုနှစ်မတိုင်မီကပင် ရှမ်းပြည်နယ်မှ တင်သွင်းခဲ့သည့် ဖက်ဒရယ်မူဆိုသည်ကို ကြားဖူးဖတ်ဖူးခဲ့သည်။ အဆိုပါဖက်ဒရယ်မူနှင့် ဆက်စပ် ပတ်သက်နေသော ပူးပေါင်းလှုပ်ရှားမှုများရှိလာကြောင်းကို ၂၀၀၅ ခုနှစ် မတ်လ ၁၅ရက်က ကျင်းပသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်း ထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)မှ တစ်ဆင့် အကြောင်းစုံသိရှိလိုက်ရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်း ပြောကြားရာ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးအဖွဲ့များဖြစ်သော SSA (ရှမ်းပြည် တပ်မတော်)၊ SSNA (ရှမ်းပြည်အမျိုးသားတပ်မတော်) တို့သည် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် တရားဝင်နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် SNLD (ရှမ်း တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)နှင့် ၁၉၉၆ခုနှစ် အတွင်းတွင် စတင်ဆက်သွယ်ဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၉၆ခုနှစ်တွင် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးသည် ရှမ်းပြည်နယ်အတွင်းရှိ SSA ဌာနချုပ် စိန်ကျော့သို့ သွားရောက်ခဲ့ပြီး ဦးဆေးထင်၊ SSA နှင့် SSNAတို့မှ တာဝန်ရှိသူများနှင့် နိုင်ငံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု စသည့်ကိစ္စများဆွေးနွေးခဲ့ကြောင်း၊ ယင်းသို့ ဆွေးနွေးညှိနှိုင်းကြပြီးနောက် ၁၉၉၆ ခုနှစ် အတွင်းမှာပင် SSA, SSNAနှင့် SNLDတို့ ပူးပေါင်းပြီး "ရှမ်းပြည်နယ် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ" (Shan State Joint Action Committee=SSJAC)ကို ဖွဲ့စည်းခဲ့ကြကြောင်း၊ SSJAC၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ပြီး နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုကို ဖုံးကွယ်နိုင်ရန်အတွက် အခြား ရှမ်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကိစ္စများကိုပါ ပူးတွဲဖုံးကွယ် ဆောင်ရွက်ရန် သတ်မှတ်ခဲ့သည်ဟုသိရကြောင်း၊ ၎င်း SSJACတွင် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး(SNLDဥက္ကဋ္ဌ)၊ ဒု-ဥက္ကဋ္ဌ ဦးဆေးထင်၊ အတွင်းရေးမှူး ဦးကန်ရွက် (SSA)နှင့် အဖွဲ့ဝင် ဦးလွယ်မောင်း(SSA)တို့ပါဝင်ပြီး ဦးကန်ရွက် ကွယ်လွန်သွားသည့်အခါ ဦးစိုင်းညွန့်လွင် (SNLD)က အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်ဟုသိရကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။ ရှင်းလင်းပြောကြားချက်များ အရ အောက်ပါအတိုင်း ဆက်လက်သိရှိခဲ့ရသည်။

ထိုကဲ့သို့ SSJAC ကို ဖွဲ့စည်းပြီးနောက် SSJAC ၏ ညှိနှိုင်းသဘောတူညီချက်အရ SSA နှင့် SSNA အဖွဲ့တို့သည်၁၉၉၆ခုနှစ်အတွင်းမှာပင် SSPC (ရှမ်းပြည် နယ်ငြိမ်းချမ်းရေးကောင်စီ)ကိုဖွဲ့စည်းခဲ့ကြသည်။ ၎င်းအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ အချင်းချင်းတိုက်ခိုက်မှုမပြုရေးနှင့် နိုင်ငံရေးကိစ္စများတွင် သောင်းကျန်းသူအဖွဲ့များ အပါအဝင် အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်သည်ဟုဆိုသည်။ ၎င်းSSPCအောက်တွင် စစ်တိုင်း(၃)ခုဖွဲ့စည်းပြီး ဆောင်ရွက် ရန်၊ နိုင်ငံရေးနှင့် အချင်းချင်း မတိုက်ခိုက်ရေးကိစ္စများတွင် လက်ရှိ သောင်းကျန်းသူအဖွဲ့များဖြစ်သည့် KNU၊ ABSDF၊ ဦးခုထဲဘူးပဲနှင့် ဦးအောင်သန်းလေး ဦးစီးသည့် KNPPတို့နှင့်လည်းကောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သည့် အခြားငြိမ်းချမ်းရေးအဖွဲ့များနှင့် လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် စီမံထားသည် ဟုသိရသည်။

၎င်းကဲ့သို့ SSPCဖွဲ့စည်းခြင်းမှာ ငြိမ်းချမ်းရေးရယူ စဉ်က သတ်မှတ်ထားသည့် စည်းကမ်းများနှင့် မကိုက်ညီ ခြင်း၊ လက်ရှိသောင်းကျန်းသူအဖွဲ့အစည်းများနှင့်ပါ ညှိနှိုင်း ဆောင်ရွက်ရန်ဖြစ်ခြင်းတို့ကြောင့် ထိုသို့ SSPC ဖွဲ့စည်း ဆောင်ရွက်ခြင်းကို နိုင်ငံတော်အစိုးရက အသိအမှတ်မပြု ကြောင်း ပြောကြားထားခဲ့ပြီးဖြစ်သည်။ ထိုသို့ အသိအမှတ် မပြုကြောင်း၊ ခွင့်မပြုကြောင်းကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ကိုယ်တိုင် သက်ဆိုင်ရာ တာဝန်ရှိသူများကို ရှင်းလင်းပြောပြခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

တစ်ဖန် ၁၃-၉-၁၉၉၆ ရက်တွင် SURA ခေါင်းဆောင် ရွက်ဆစ်သည် SSA ဌာနချုပ် စိန်ကျော့သို့ ရောက်ရှိလာပြီး SSA၊ SSNA နှင့် SURA အဖွဲ့ သုံးဖွဲ့ ပေါင်းပြီး "သုံးပွင့်ဆိုင် ပေါင်းစည်းညီညွတ်ရေး သဘောတူ စာချုပ်"ချုပ်ဆိုခဲ့ပြီး ၎င်းစာချုပ်ကို SSA မှ ဗိုလ်မှူးကြီး စိုင်းနောင်၊ SSNAမှ ဗိုလ်မှူးကြီး ကမ်ရွက်နှင့် SURA မှ ရွက်ဆစ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်ဟု သိရှိရသည်။ ၎င်းအဖွဲ့ကို SSPCကိုအခြေခံထားပြီး ရှမ်းပြည်အမျိုးသား အဖွဲ့ချုပ် (Shan State National Organization-SSNO) ဟုခေါ်တွင်သည့် တစ်ခုတည်းသော အဖွဲ့အဖြစ် လည်းကောင်း၊ SSAကို တစ်ခုတည်းသော ရှမ်းပြည် တပ်မတော်အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ကြသည်ဟု သိရှိရသည်။

ဘိန်းစားပြ ရွက်ဆစ် ခေါင်းဆောင်သည့် SURAအကြမ်းဖက် သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်လွတ်မြောက်ရေး ဆိုသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချလျက် ရှိရာ ရွက်ဆစ် ၏ အယုံကြည်ရဆုံး သက်တော်စောင့်တစ်ဦးဖြစ်သူ SURAမှ ဗိုလ်ကြီး အဆင့်ရှိသူ စိုင်းထွန်း(ခ)နိုင်ထွန်း ဝိဝပ်ရန်အရန်ကို ထိုင်း မူးယစ်ဆေးဝါး နှိမ်နင်းရေး အဖွဲ့က ဘတ်ငွေ ၂၅ သန်းတန်ဖိုးရှိ ဘိန်းဖြူ ၈၂ ကီလိုဂရမ်နှင့်အတူ အထက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ၂၀၀၅ခုနှစ် မတ်လ ၇ရက်နေ့၌ ထိုင်းနိုင်ငံ အာဏာပိုင်များက ရွက်ဆစ်ဦးစီး ဘိန်းစားပြအကြမ်းဖက် အဖွဲ့ဝင်တစ်ဦးထံမှ ဘိန်းဖြူများဖမ်းဆီးရမိမှုအပေါ် ရွက်ဆစ် အဖွဲ့က ကြေညာချက်ထုတ်ခဲ့သည်ကိုတွေ့ရသည်။ ယင်း ကြေညာချက်တွင် ထိုဘိန်းဖြူရောင်းသူနှင့် ဘိန်းဖြူ များမှာ RCSSနှင့်လည်းကောင်း၊ SSAနှင့်လည်းကောင်း မသက် ဆိုင်ကြောင်းဖော်ပြထားသည်။ ဤနေရာတွင် ၎င်းတို့အဖွဲ့၏ မူရင်းအမည်ဖြစ်သည့် SURAဟုမသုံးဘဲ SSAဟု သုံးစွဲ ထုတ်ပြန်သည်ကို ကြည့်ခြင်းအားဖြင့် ရွက်ဆစ်သည် SSAနှင့် တပေါင်းတစည်းတည်း ဖြစ်နေသည့်သဘောကို ထင်ရှားစွာတွေ့ရှိရမည်ဖြစ်သည်။

ထို့အပြင် ရွက်ဆစ်ဦးစီးသည့် ဘိန်းစားပြအဖွဲ့က "ရှမ်းပြည်နယ်ပြန်လည်ရရှိရေးကောင်စီ" (Restoration Council of Shan State-RCSS) ဆိုသော အဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။ ၎င်းအဖွဲ့တွင်ဥက္ကဋ္ဌရွက်ဆစ်၊ ဒုဥက္ကဋ္ဌ စိုင်းအောင်မတ်၊ အတွင်းရေးမှူး စဝ်ဆေးဆမ်၊ ဒုအတွင်းရေး မှူး စိုင်းထိုင်း၊ ဘဏ္ဍာရေးမှူး စိုင်းသာဦး၊ စစ်ရေးခေါင်းဆောင် စဝ်အွတ်ကျော်၊ စည်းရုံးရေးမှူး စဝ်ဝိန်မိန်းနှင့် အဖွဲ့ဝင် ၁၅ဦးတို့ ပါဝင်သည်ဟုသိလိုက်ရသည်။

ဆက်လက်၍ "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံ ကောင်စီ" ဆိုသည့်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့်ပတ်သက် ၍ အောက်ပါအတိုင်း ရှင်းလင်းပြောကြားသွားသည်။

၂၀၀၄ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ရှမ်းပြည်နယ် သီပေါမြို့နယ် စိန်ကျော့ ကျေးရွာ၌ SSA ၏ ငြိမ်းချမ်းရေး ရယူသော (၁၅)နှစ်မြောက် အထိမ်းအမှတ်ပွဲတစ်ပွဲ ပြုလုပ် ခဲ့ရာငြိမ်းချမ်းရေးရယူထားသည့် SSA နှင့် SSNA အဖွဲ့ မှ ကိုယ်စားလှယ်များ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် SNLD မှ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး စိုင်းညွန့်လွင်၊ JAC(ခ) JOINT ACTION COMMITTEE အဖွဲ့ဝင်များ၊ မျိုးဆက်သစ်(ရှမ်းပြည်) အဖွဲ့မှ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ယင်းအထိမ်းအမှတ် အစည်းအဝေးတွင် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကသဘာပတိအဖြစ်ဆောင်ရွက်ပြီး "ရှမ်းပြည် ပညာရှင်များ အတိုင်ပင်ခံကောင်စီ" ဖွဲ့စည်းဆောင်ရွက်ရန် တက်ရောက်ခဲ့သူအားလုံးက သဘောတူညီခဲ့ကြသည်။ ထို့အပြင် အဆိုပါ ကောင်စီဖွဲ့စည်းဖြစ်မြောက်ရေးကော်မတီ ကိုလည်း တစ်ပါတည်းဖွဲ့စည်းခဲ့ကြသည်။

ယင်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းပြီး တစ်ရက် အကြာဖြစ်သည့် ၆-၁၁-၂၀၀၄ရက်တွင် SSA ဌာနချုပ် စိန်ကျော့ကျေးရွာမှာပင် ပထမအကြိမ် အစည်းအဝေးပြုလုပ် ခဲ့သည်။ ယင်းအစည်းအဝေးက "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည်ဖြင့် မဖွဲ့စည်းဘဲ လုပ်ငန်းတစ်ခုလုံးကို ဦးမြင့်သန်းက ဦးဆောင် ရန်" ဆုံးဖြတ်ခဲ့ကြသည်။

ယင်းကဲ့သို့ "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံ ကောင်စီဖြစ်မြောက်ရေးကော်မတီ"၏ ပထမအကြိမ် အစည်းအဝေးပြီးနောက် ဒုတိယအကြိမ် အစည်းအဝေးကို ၂၂-၁၂-၂၀၀၄ရက်တွင် လားရှိုးမြို့ မြဝတီလမ်းမှာရှိသည့် ဦးဆေးထင်၏နေအိမ်၌ ထပ်မံပြုလုပ်ခဲ့သည်။ ယင်းအစည်း အဝေးတွင် "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံ ကောင်စီ" ကို ပုဂ္ဂိုလ်အချို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

ယင်းသို့ ဒုတိယအကြိမ် အစည်းအဝေးက ရှမ်းပြည် ပညာရှင်များ အတိုင်ပင်ခံကောင်စီအဖွဲ့ကို အတည်ပြု ဖွဲ့စည်းခဲ့သကဲ့သို့ယင်းကောင်စီက အမျိုးသားညီလာခံကို တက်ရောက်မည့် ရှမ်းပြည်နယ်မှ ငြိမ်းချမ်းရေးအဖွဲ့များ အနေဖြင့် ညီလာခံတွင် "စစ်မှန်သော ပြည်ထောင်စုနှင့် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အကြံတ်အနယ် ဆွေးနွေးရန်" အလေးအနက် တိုက်တွန်း ခဲ့သည်။

ယင်းဒုတိယအကြိမ် အစည်းအဝေးပြီးသည့်နောက် တတိယအကြိမ် အစည်းအဝေးကို ရှမ်းပြည်နယ်နေ့ ဖြစ် သည့် ၇-၂-၂၀၀၅ရက်နေ့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးတွင် ဦးဆေးထင်က အမှာစကား ပြောကြားပြီး ဦးရွှေအုံး(ဖျက်သိမ်းပြီးရှမ်းပြည်တိုင်းရင်း သားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း) က အတိုင်ပင်ခံကောင်စီဖွဲ့စည်းမှုကို ထောက်ခံပြောကြားခဲ့ သည်။ ဆက်လက်ပြီး ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံ ကောင်စီ၏ သဘောထားကြေညာချက်၊ မျိုးဆက်သစ် (ရှမ်းပြည်)၏ သဘောထားကြေညာချက်နှင့် လူငယ် ကျောင်းသားများ၏ သဘောထားကြေညာချက်များကို ဖတ်ကြားခဲ့သည်။ ယင်းနောက် "ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ"ကို အတည်ပြု ဖွဲ့စည်းခဲ့ကြသည်။

ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီကို အတည်ပြု ဖွဲ့စည်းခဲ့သော်လည်း အဓိကအားဖြင့် ဦးဆေး ထင်၊ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်၊ ဦးမြင့်သန်း၊ ဦးညီမိုး၊ ဦးမျိုးဝင်းထွန်း၊ ဦးထွန်းညို၊ ဦးစိုင်းလှအောင်၊ ဦးသာဦးနှင့် ဦးရွှေအုံးတို့က ကြိုးကိုင်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ထို့အပြင် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ သည် ရှမ်းပြည်နယ်တွင် ဖွဲ့ရုံသာမက ကချင်ပြည်နယ် ခြောက်ပြည်နယ်တွင်လည်း အတိုင်ပင်ခံကောင်စီ တစ်ခုစီ ဖွဲ့စည်းရေး၊ ကျန်တိုင်းအားလုံး(လက်ရှိ တိုင်း-၇တိုင်း) အတွက် အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းချက်ချထားသည်။ ယင်းအစည်းအဝေးပြီးနောက် ညပိုင်းတွင် ညစာစားပွဲကို တောင်ကြီးမြို့ စိန်တောင်တန်း စားသောက်ဆိုင်၌ SSA အဖွဲ့က အကုန်အကျခံ ပြုလုပ်ပေးခဲ့သည်။ ညစာစားပွဲတွင် ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီ၏ ရှမ်းပြည် နယ်နေ့အထိမ်းအမှတ် သဘောထား ထုတ်ပြန်ကြေညာ ချက်၊ ရှမ်းပြည်မျိုးဆက်သစ်လူငယ် ကျောင်းသားများ၏ သဘောထားကြေညာချက်နှင့် မျိုးဆက်သစ်(ရှမ်းပြည်)အဖွဲ့ ၏ သဘောထားထုတ်ပြန်ကြေညာချက်များကို ဖြန့်ဝေခဲ့ သည်။ မျိုးဆက်သစ် ရှမ်းပြည်ဆိုသည့်အဖွဲ့၏ သဘော ထား ထုတ်ပြန်ချက်သည် "ရှမ်းပြည်၏ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်အတွက် ပထမခြေလှမ်းကို စတင်လိုက်ခြင်း ဖြစ်တယ်"ဟုလည်းကောင်း၊ "ရှမ်းပြည်နယ် အတွင်းမှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စု အားလုံး တက်ညီလက်ညီ တစ်သွေးတစ်သံတည်း အားဖြည့် ပါဝင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ♦

SSA , SSNA , SURA , SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အန္တရာယ် အလွန်ကြီးမား မည်ကာမတ္တပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်

♦ **စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

ဆောင်ရွက်ကြရန်”ဟူ၍လည်းကောင်း ရေးသားတိုက်တွန်းထားသည်ကို တွေ့ရသည်။

အထက်တွင် ရှင်းလင်းပြောကြားသွားသည့် SSA, SSNA, SURA, SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဆိုသည့် အဖွဲ့များ၏ ပေါင်းစပ်ဖွဲ့စည်းမှု၊ ရည်ရွယ်ချက်၊ သဘောထားထုတ်ပြန်မှုနှင့် လုပ်ဆောင်မှုများကိုကြည့်လျှင်–

ပြည်ထောင်စုကို ပြည်ထောင်စုစစ်စစ်မူဖြင့် ထူထောင်ရန်ဆိုသည့်အချက်ကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုစစ်စစ်မူဆိုသည်မှာလည်း ပြည်နယ် ရှစ်ပြည်နယ်ကို အခြေခံဖွဲ့စည်းမည့် ပြည်ထောင်စုကို ရည်ညွှန်းခြင်းဖြစ်ကြောင်း၊ ရှစ်ပြည်နယ်ဆိုရာတွင်လည်း လက်ရှိတည်ရှိနေသော ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့က ပြည်နယ် ခုနစ်ပြည်နယ်အဖြစ်လည်းကောင်း၊ လက်ရှိတည်ရှိနေသော တိုင်းခုနစ်တိုင်းကို ပူးပေါင်းပြီးဗမာပြည်နယ်တစ်ပြည်နယ်အဖြစ်လည်းကောင်း၊ ပူးပေါင်းပြီး စုစုပေါင်း ရှစ်ပြည်နယ်နဲ့ ဖွဲ့ရန်ဆိုလိုခြင်းဖြစ်ကြောင်း၊အခုလိုပြည်ထောင်စုစစ်စစ်ဟုပြောဆိုဆောင်ရွက်မှုများသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ထင်ယောင်ထင်မှား ဖြစ်အောင်၊ အမှတ်တမဲ့နားထောင်ပါက ဟုတ်နိုးနိုးထင်ရအောင် စကားလုံးလှလှဖြင့် တန်ဆာဆင် ပြောဆိုခြင်းသာဖြစ်ကြောင်း၊ တကယ့်နောက်ကွယ်မှ ရည်မှန်းချက်ကတော့ “ပြည်ထောင်စုစစ်စစ်” ဆိုသည့်စကားကို အရေခြုံဗန်းပြပြီး မည်ကာမတ္တ ပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်တွင် ပြည်ထောင်စုမှ ခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်သည်ကို တွေ့ရှိရကြောင်း။

အထက်ဖော်ပြပါ အဖွဲ့အစည်းများ၏ ယင်းသို့ ဆောင်ရွက်ချက်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အင်မတန်အန္တရာယ်ကြီးမားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားရေး၊ ပြည်ထောင်စု ပြိုကွဲရေးတို့ကို ဦးတည်စေသည့်လုပ်ရပ်များဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူစဉ်ကတည်းက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို မူဝါဒအဖြစ် ခံယူကျင့်သုံးပြီး နိုင်ငံတော်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ တစ်ဖက်ကလည်းပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်အကောင်အထည်ဖော်ရေးအတွက်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန် အရေးသုံးပါးကိုပျက်စီးအောင် ဆောင်ရွက်မှုမှန်သမျှ၊ မူဝါဒ လမ်းစဉ်(၇)ရပ်ပျက်ပြားအောင်ဆောင်ရွက်မှုမှန်သမျှတို့ကိုထိရောက်စွာ ဟန့်တားခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့်လည်း ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီကို ဦးစီးဦးဆောင် ဖွဲ့စည်းထူထောင်ခဲ့ကြသည့် မျိုးဆက်သစ်ရှမ်းပြည်မှ အဖွဲ့ဝင်လေးဦး၊ ဦးဆေးထင်တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD မှ အဖွဲ့ဝင်နှစ်ဦးတို့ကို ၈-၂-၂၀၀၅ရက်တွင် လည်းကောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD မှ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်တို့ကို ၉-၂-၂၀၀၅ရက်နေ့တွင်လည်းကောင်း အရေးယူ ထိန်းသိမ်းခဲ့ရခြင်းဖြစ်သည်ဟု အသိပေးပြောကြားလိုပါကြောင်း၊ အဓိကပါဝင်ခဲ့သည့် ဦးရွှေအုံးကိုလည်း အကျယ်ချုပ်နှင့် ထိန်းသိမ်းထားကြောင်း ပြောကြားလိုပါကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းပြောကြားသွားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)ပါ သတင်းအကြောင်းအရာများကို ဖတ်ရှုလေ့လာနေစဉ်မှာပင် ၃၁-၃-၂၀၀၅ရက်နေ့ထုတ် သတင်းစာများ၌ **“ဘေးပြောတာမယုံနဲ့ သွေးပြောတာယုံ”** ဆောင်းပါးကို ဆက်စပ်ဖတ်ရှုခဲ့ရသည်။ ထိုဆောင်းပါးတွင် ရေးသားဖော်ပြထားချက်များအရ SSA, SSNA, SURA, SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့၏ထားရှိသောရည်ရွယ်ချက်နှင့် လတ်တလောလုပ်ရပ်များသည် ၁၉၆၂ ခုနှစ်က ဖက်ဒရယ်မူ တောင်းဆိုသည့် လမ်းကြောင်းအတိုင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိလိုက်ရသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့်အချက်များအနက် ဆက်စပ်သိရှိသင့်သော အကြောင်းခြင်းရာများကို အောက်ပါအတိုင်းဖတ်ရှုခဲ့ရသည်။

အင်္ဂလန်နိုင်ငံအောက်စဖို့တက္ကသိုလ်မှ ၁၉၅၃ ခုနှစ်အတွင်း ထုတ်ဝေဖြန့်ချိသည့် K.C Wheare ရေးသားသော Federal Government စာအုပ်ထဲတွင် **“ဖက်ဒရယ်ပြည်ထောင်စုဟူသည် မိမိတို့၏ ပင်ရင်းလွတ်လပ်ရေးကို များစွာထိခိုက် ဆုံးပါးစေခြင်းမရှိဘဲ အကျိုးတူရည်မှန်းချက်များအလို့ငှာ လွတ်လပ်သည့် ပြည်နယ်များ စုပေါင်းထားခြင်းပင်ဖြစ်သည်။ အဖွဲ့ဝင် မည်သည့်ပြည်နယ်မဆို (ပြည်ထောင်စု)ထဲမှ မိမိတို့ ဆန္ဒအလျောက် ခွဲထွက်နိုင်ခွင့်ရှိသည်”**ဟူ၍ ဖက်ဒရယ်မူနှင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ယင်းဖက်ဒရယ်မူ မီးလောင်မြိုက်ခဲ့၍ ၁၈၆၁ခုနှစ်မှ ၁၈၆၅ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ပြည်တွင်းစစ်ဖြစ်ခဲ့ပြီး အမေရိကန်ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ကမ္ဘာပေါ်တွင် ဖက်ဒရယ်မူကို အခြေခံပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲထားသည့် နိုင်ငံအချို့အနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျ၊ တောင်အာဖရိက၊ အိန္ဒိယနှင့် ဆွစ်ဇာလန်နိုင်ငံ စသည်တို့ဖြစ်ကြောင်းသိရသည်။

သို့ရာတွင် မည်သည့်နိုင်ငံတွင်မှ ယင်းဖက်ဒရယ်မူအတိုင်း ကျင့်သုံးသည်ကိုမတွေ့ရပေ။ စာရွက်ပေါ်၌သာရှိနေခြင်းဖြစ်သည်။ ယင်းမူကိုအခြေခံသည့် Federal Union ဆိုသော ပြည်ထောင်စုစစ်စစ်နိုင်ငံဟူ၍ မရှိသလောက်ပင်ဖြစ်သည်။ အဆိုပါနိုင်ငံများအနေဖြင့် Unitary State ဆိုသည့် တစ်ပြည်ထောင်စနစ်ဖြစ်သာ လုပ်ဆောင်နေသည်ကို တွေ့ရပေသည်။

၁၉၆၂ ခုနှစ် မတိုင်မီ ပထစအစိုးရ လက်ထက်၌ ရှမ်းပြည်နယ်မှ တင်သွင်းခဲ့သည့် ဖက်ဒရယ်မူဆိုသည်မှာ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ(၂၀၂)၌ဖော်ပြခဲ့သည့် **“လွတ်လပ်ရေးရရှိပြီး ၁၀နှစ်ကြာလျှင် ပြည်နယ်များအနေဖြင့် ပြည်ထောင်စုထဲမှ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိသည်”**ဆိုသော ဥပဒေကို ရည်ညွှန်းပြီး ခွဲထွက်ရန် ကြိုးစားခဲ့ခြင်းသာဖြစ်သည်။ ဖက်ဒရယ်မူနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်ရှိ ရိုးသားသော တိုင်းရင်းသား ပြည်သူများ၏ဆန္ဒ ပါရှိခဲ့ခြင်းမဟုတ်ပေ။ စော်ဘွားများနှင့် ၎င်းတို့၏ အဆက်အနွယ်များ အကျိုးစီးပွားအတွက်ရည်ရွယ်ပြီးတင်သွင်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးစကားဖြင့်ပြောရလျှင် ပဒေသရာဇ်စနစ်၏ နောက်ဆုံး ဖောက်ပြန်မှုပင်ဖြစ်သည်။

၁၉၆၂ ခုနှစ်မတ်လ ၂ရက်နေ့၌ တပ်မတော်က ပထစအစိုးရထံမှအာဏာသိမ်းယူခဲ့ခြင်းသည် ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲသွားမှာစိုး၍ တပ်မတော်က နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှထုတ်ဝေသည့် ၁၉၅၈-၆၂ မြန်မာ့နိုင်ငံရေးစတုတ္ထတွဲတွင် အသေးစိတ်လေ့လာဖတ်ရှုနိုင်ပေသည်။

၁၉၅၆ခုနှစ် မိုင်းရယ်မြို့တွင် ကျင်းပသည့် စော်ဘွားများညီလာခံက ပြည်ထောင်စုမှ ရှမ်းပြည်နယ်ခွဲထွက်ပြီး ရှမ်းသမ္မတနိုင်ငံထူထောင်ရန် ဆုံးဖြတ်ချက်တစ်ခုကို အတည်ပြုခဲ့ကြသည်။

၁၉၅၇ခုနှစ် လားရှိုးမြို့၌ ကျင်းပသည့် စော်ဘွားများညီလာခံက ယင်းဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခဲ့သည့်အပြင် ခွဲထွက်ခွင့်ကိစ္စအတွက် ဒီမိုကရေစီနည်းဖြင့် မရခဲ့လျှင် လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ဖြင့် ခွဲထွက်မည်ဟုလည်းဆွေးနွေးခဲ့ကြသည်။ ၁၉၅၈ခုနှစ် မေလ ၁၈ရက်နေ့ တောင်ကြီးမြို့တွင် ကျင်းပသည့် ရှမ်းပြည်နယ်ကောင်စီ အစည်းအဝေးတွင် ယခင်နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ ပြည်နယ်ဥက္ကဋ္ဌက ဖဆပလ နှစ်ခြမ်းကွဲခြင်းသည် ရှမ်းပြည်နယ် ခွဲထွက်ရေးအတွက် အခြေခံကောင်းတွေ ဖြစ်ပေါ်စေခဲ့သည်၊ ယင်းသည် ပြည်နယ်အတွက် အလွန်အရေးကြီးသည့် ကိစ္စဖြစ်သည်၊ ပြည်နယ်၏ နစ်နာချက်တွေကို အရေးကြီးကိစ္စတစ်ရပ်အဖြစ် အစိုးရထံတင်ပြရမည်ဟု ပြောဆိုသွားခဲ့သည်။

၁၉၅၉ ခုနှစ်၌ စော်ဘွားများအာဏာစွန့်ခဲ့ရသည်။ အာဏာစွန့် စော်ဘွားများအတွက် အစိုးရက လျော်ကြေးများပေးခဲ့သော်လည်း စော်ဘွားများက အစိုးရအပေါ် ကျေနပ်မှုမရှိခဲ့ပေ။ မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သည့် ညောင်ရွှေစော်ဘွားကြီးဆိုလျှင် အာဏာစွန့်ပွဲကို မတက်သည့်အပြင် အာဏာစွန့်ခဲ့သော စော်ဘွားများအား ရှမ်းပြည်နယ်ကို ရောင်းစားခဲ့သည့် ပုဂ္ဂိုလ်တွေဟု စွပ်စွဲပြောဆိုခဲ့သည်။ စော်ဘွားများ အာဏာမစွန့်လွှတ်မီ မိုင်းရယ်ညီလာခံ၏ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် လူသူလက်နက်ခဲယမ်းများ လျှို့ဝှက်စုဆောင်းခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၅၉ ခုနှစ် နိုဝင်ဘာလ အာဏာစွန့်ပွဲ ပြီးဆုံးသည့်အခါ ရှမ်းပြည်နယ်တွင် သောင်းကျန်းသူများပေါ်လာခဲ့သည်။

၁၉၆၀-၆၁ခုနှစ်အတွင်း တချို့ဒေသများ၌ သောင်းကျန်းသူများသည် ကျူးကျော်သူကူမင်တန် တရုတ်ဖြူတို့ထံမှလက်နက်ရရှိရေးအတွက် ဘိန်းနှင့်လဲလှယ်ခဲ့သည်အထိ ဖောက်ပြန်ခဲ့ကြသည်။ ထိုအချိန် ထိုကာလ၌ရှိခဲ့သည့် အမေရိကန်စစ်အုပ်စုဖြစ်သော ဆီးတိုးခေါ် အရှေ့တောင်အာရှစစ်စာချုပ်အဖွဲ့ဆီကိုလည်း လက်နက်များပေးရန်အတွက် စာရေးပြီးဆက်သွယ်ခဲ့သည်။ အနောက်အုပ်စု၏ဩဇာခံဖြစ်ရေးရည်ရွယ်ချက်ဖြင့် လူမျိုးကြီးဝါဒကို ဆန့်ကျင်ရမယ်ဆိုပြီး မမှန်မကန်လုပ်ကြံသည့်နည်းဖြင့် တစ်ဖက်လှည့် စည်းရုံးခဲ့ကြသည်။ ယင်းသောင်းကျန်းသူများ၏ နိုင်ငံရေးကြွေးကြော်သံများသည် အာဏာစွန့်စော်ဘွားများ၏ အာဘော်အတိုင်း ဖက်ဒရယ်မူကိုအခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့် ရှမ်းသမ္မတနိုင်ငံ ထူထောင်ရေးဆိုသည်များပင်ဖြစ်သည်။ ယင်းဖြစ်ရပ်များကို အစအဆုံး အားလုံးသိရှိနေသည့် တပ်မတော်အနေဖြင့် နိုင်ငံနှင့်လူမျိုး၏ သစ္စာကို စောင့်သိရိုသေစွာဖြင့် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ပထစအစိုးရထံမှ အာဏာသိမ်းယူခဲ့ရခြင်းပင် ဖြစ်သည်။

ဖော်ပြပါ လေ့လာတွေ့ရှိချက်များကို ခြုံငုံသုံးသပ်ရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပြိုကွဲပျက်စီးအောင် ယခင်ကရော ယခုပါ လုပ်ကြံနေသူများသည် နယ်ချဲ့၏ လက်ပါးစေ ပြည်ပအားကိုး ပုဆိန်ရိုးများသာ ဖြစ်ကြသည်။ အလားတူ ဒီမိုကရေစီဟန်ရေးပြကာ ပဒေသရာဇ်စနစ်ဆီသို့ နောက်ပြန်သွားလိုသည့် ဖောက်ပြန်ရေးသမားများသာ ဖြစ်သည်ဟုဆိုရမည်။

၁၉၆၂ ခုနှစ်ကဖြစ်ရပ်နှင့် ယခု ၂၀၀၅ခုနှစ်ဖြစ်ရပ်ကို လေ့လာသုံးသပ်လျှင် ပြည်ထောင်စုဖြိုခွဲမည့်အကြံကို ဘယ်တော့မှ လက်မခံသော တပ်မတော်ကသာ နိုင်ငံတော်ကို အချိန်နှင့် တစ်ပြေးညီ မကာကွယ်နိုင်ခဲ့လျှင် မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဂုဏ်သိက္ခာရှိရှိဖြင့် မရပ်တည်နိုင်ဘဲ ကိုလိုနီနယ်ချဲ့ လက်ဝေခံဘဝ၊ ၎င်းတို့၏အခြွေအရံနိုင်ငံဘဝသို့ ပြန်ရောက်နေပြီဟုပင် ဆိုနိုင်ပေသည်။ ထိုကဲ့သို့သော အကြောင်းများကြောင့် အနာဂတ်အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ဆောင်ရွက်ရေးဆိုသည်မှာ မရှိမဖြစ်သော နိုင်ငံရေးသဘောတရားအဖြစ် တစ်နေ့တခြား ထင်ရှားလျက်ရှိနေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မည်ကာမတ္တပြည်ထောင်စုကိုထူထောင်ကာ တစ်ချိန်ချိန်၌ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် ရည်ရွယ်ချက်ဖြင့် ပူးပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင်များ၏ ဓာတ်ပုံ (*အပေါ်*) နှင့် ရှမ်းပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဖွဲ့စည်းပုံဇယား (*အောက်*) ကို တွေ့ရစဉ်။



စာမျက်နှာ ၆မှ

ကြမည့် လူငယ်များဆီ အရောက် ဖွင့်လှစ်ပေးနေခြင်းလည်း ဖြစ်ကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်

နိုင်ငံသားများ၏ ပညာအရည်အသွေးမြင့်မားတိုးတက်ပါမှ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်အားရှိပြီး မိမိတို့နှင့်ထိုက်တန်သည့် ဒီမိုကရေစီ လူနေမှုဘဝကို မှန်မှန်ကန်ကန် ရွေးချယ် တည်ဆောက်နိုင်ပြီဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်ကချမှတ်ပေးထားသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကိုလည်း အသိတရားနှင့်ယှဉ်ပြီး ထိရောက်အောင်မြင်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ရာတွင် လိုအပ်နေသည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးမျှော်မှန်းပြီး တိုးချဲ့ဖွင့်လှစ်ထားသည့် ဘားအံနည်းပညာကောလိပ်ကို အသွင်သဏ္ဌာန်အရ ခံ့ညားထည်ဝါသကဲ့သို့ အနှစ်သာရအရ နိုင်ငံတော်၏လိုအပ်ချက်များကို ထိုက်ထိုက်တန်တန် ဖြည့်ဆည်းထမ်းဆောင်နိုင်သည့် အဆင့်အတန်းရှိသော ကောလိပ်ဖြစ်အောင် ကြိုးစားကြပါဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(ဘားအံ)မှ ဒုတိယနှစ် (B.Tech) ကျောင်းသူ မဆုမြတ်အောင်က အစိုးရနည်းပညာကောလိပ်(ဘားအံ)တည်ထောင်ဖွင့်လှစ်ပေးခြင်းအတွက် ကျောင်းသား ကျောင်းသူများကိုယ်စား နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ဘားအံ)ရှိ Computer Room၊ e.Libraryနှင့် Language Lab တို့တွင် ကျောင်းသား ကျောင်းသူများက ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် သင်ယူလေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ အစိုးရနည်းပညာကောလိပ်(ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစိုးရ နည်းပညာကောလိပ်(ဘားအံ)သည် ဘားအံမြို့ ရဲသာကျေးရွာအနီး မြေ ၃၅ ဒသမ ၁၉ ဧကပေါ်တွင် ပင်မစာသင်ဆောင်တစ်ဆောင်၊ သုံးထပ်စာသင်ဆောင်တစ်ဆောင်နှင့် လေးထပ်စာသင်ဆောင် တစ်ဆောင်တို့ပါရှိပြီး မြေအောက်ထပ်တွင် အခန်း ခုနစ်ခန်း၊ မြေညီထပ်တွင် ၁၄ ခန်း၊ ပထမထပ်တွင် ၁၄ခန်းနှင့် ဒုတိယထပ်တွင် ၁၄ ခန်း စုစုပေါင်း ၄၉ ခန်းဖြင့် ဖွဲ့စည်း တည်ဆောက်ထားသည်။ အစိုးရ နည်းပညာကောလိပ်(ဘားအံ)မှ ယနေ့အထိ စကျောင်းဆင်းပြီး ကျောင်းသားဦးရေ ၇၃၈ ဦးအား မွေးထုတ်ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုအားပေး
ကျောက်စိမ်းအတွဲများ ဒုတိယနေ့ဆက်လက်ရောင်းချ

ရန်ကုန် ဧပြီ ၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးပြီး ဈေးပြိုင်ခန်းမတွင် ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)** ထို့နောက် ဝန်ကြီးသည် ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

၄၂၈ တွဲရောင်းချ

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယမန်နေ့ ညနေ ၅ နာရီမှ ည ၉ နာရီအထိ ကျောက်စိမ်း အတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၁၅၈တို့ကို ရောင်းချခဲ့ရသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၄၂၈ကို ရောင်းချခဲ့ရသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၄၈၀ ကို ရောင်းချခဲ့ရသည်။ ကျန်ရှိသောကျောက်စိမ်းအတွဲများကို ညနေပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

အပြိုင်ဝယ်ယူ

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၅ နိုင်ငံ၊ ကုမ္ပဏီ ၃၀၆ ခုမှ ရတနာကုန်သည် ၈၇၃ ဦး၊ ပြည်တွင်းကုမ္ပဏီ ၂၅၁ ခုမှ နိုင်ငံသားရတနာကုန်သည် ၄၅၃ဦး စုစုပေါင်းရတနာကုန်သည် ၁၃၂၆ ဦး လာရောက်၍ အပြိုင်အဆိုင်ဝယ်ယူလျက်ရှိကြသည်။

ဆက်လက်ရောင်းချသွားမည်

ကျောက်စိမ်းအတွဲများကို ဧပြီ ၄ ရက်တွင် ဈေးပြိုင်စနစ်ဖြင့်ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အစိုးရနည်းပညာကောလိပ် (ဘားအံ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ယုဇနကုမ္ပဏီလီမိတက်မှ မန်နေဂျာဒေါက်တာမြတ်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ – ထောင်တစ်နှစ်
၂။ ကစားသူ – ထောင်သုံးနှစ်
၃။ ထုတ်လုပ်ရောင်းချသူ – ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇:၀၀ နာရီမှ ၁၈:၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရှင်သာမဏေအဖြစ် သွတ်သွင်းမည်

ရန်ကုန် ဧပြီ ၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းစံပြကျေးရွာ ဘုရင့်နောင်ရပ်ကွက် မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပညာသင်ယူနေကြသော ရှင်ပြုအရွယ် ကျောင်းသားငယ် ၅၀တို့အား ရှင်သာမဏေအဖြစ်သို့ ဧပြီ ၆ရက်တွင် ချီးမြှောက်ပေးရန်စီစဉ်လျက်ရှိရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဇဋိလ(ဓမ္မာစရိယ သာသနာ့ပါလဓမ္မာစရိယ)ထံ ဆက်သွယ်၍ ရှင်ဒါယကာ ဒါယိကာမအဖြစ် ခံယူနိုင်ကြောင်း အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**



ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပူဇော် တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဧပြီ ၃

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲ၊ သက်ကြီး မိဘဂါရဝပြုပွဲ၊ ပညာရည်ချွန်ဆုနှင်းပွဲနှင့် (၄၃)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ် ဗဟန်း ၃လမ်းရှိ အဆိုပါ အသင်းဓမ္မာရုံ၌ကျင်းပရာ အပူဇော်ခံ ဆရာတော်ကြီးများဖြစ်ကြသော မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသ၊ တောင်ငူမြို့ ရွှေဘိုကြီးစာသင်တိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုပါကဌာဘိဝံသ၊ မန္တလေးမြို့ အသောကရာမကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တနှင့် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် အောင်ရတနာကျောင်းဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရိတို့ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တန့်ဆည်မြို့နယ်အသင်း နာယကများ၊ ဥက္ကဋ္ဌ ဦးကျော်ထိန်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးဝင်းမြင့်နှင့် ဦးထွန်းအောင်၊ အသင်းအမှုဆောင်များ၊ အသင်းသား အသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို တန့်ဆည်မြို့နယ်အသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်က လျှောက်ထားတင်ပြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်ကြီးများအား အဆိုတော် "ထား"က ရတုပိုဒ်စုံဖြင့် ချီးကျူးပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိကို အသင်း အတွင်းရေးမှူး ဦးမောင်မောင်ကျော်က ဖတ်ကြားလျှောက်ထားပြီး ပရိသတ်တို့က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဖိတ်ကြားအတည်ပြု

ထို့နောက် တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီး မိဘဂါရဝပြုပွဲ၊ ပညာရည်ချွန်ဆုနှင်းပွဲနှင့် (၄၃)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကိုဆက်လက်ကျင်းပရာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုကြသည်။

ယင်းနောက် အသင်းနာယက ဦးလှမောင်က အမှာစကား ပြောကြားပြီး အမှုဆောင်ဟောင်းများ နုတ်ထွက်ခြင်း၊ အမှုဆောင်အသစ်များ ရွေးချယ်အတည်ပြုခြင်းနှင့် အထွေထွေကိစ္စများကို ဆောင်ရွက်ကြသည်။

ထို့နောက် တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌသစ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)မှ အသက်(၇၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်၃၁ဦးတို့အား တန့်ဆည်မြို့နယ်သူ မြို့နယ်သားများက ဂါရဝပြု ကန်တော့ကြပြီး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် ရိုးရိုးအောင် ခုနစ်ဦးတို့အား နာယကများ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုများကို ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ထစ်ချုန်းရွာဖွယ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် သစ်တောရေးရာနှင့် စွမ်းအင်အသင်း အနိုင်ရရှိ

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄- ၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက တပ်မတော် (ကြည်း) အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ သစ်တောရေးရာအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားရာ သစ်တောရေးရာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များ အပြီးတွင် သစ်တောရေးရာအသင်းက ၁၁ ပွဲကစား (၂၇)မှတ်၊ စွမ်းအင်အသင်းက ၁၁ ပွဲကစား (၁၇)မှတ်၊ ကမ္ဘောဇအသင်းက ၁၃ ပွဲကစား (၁၃)မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၁ ပွဲကစား (၆)မှတ် ရရှိထားသည်။ သစ်တောရေးရာအသင်းက ဒုတိယနေရာမှ စီးပွား/ကူးသန်းအသင်းထက် တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ ၄ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ပဒေသာအားကစားကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အောင်ဆန်းအားကစားပြိုင်ကွင်း၌ (၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသက်(၁၃) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပထမ အကြိုဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

တရားဟောကြားမည်

ရန်ကုန် ဧပြီ ၃

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် မဟာသင်္ကြန်အကြိုနေ့တွင် မိုးကောင်းကျောင်းတိုက်မှ ဆရာတော်ဦးဓမ္မနန္ဒ၊ အကျနေ့တွင် ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်မှ ဆရာတော် မိုးညှင်းအရှင်ဣန္ဒက၊ အကြတ်နေ့တွင် မိုးကောင်းကျောင်းတိုက်မှ ကမ္မဋ္ဌာနာစရိယ ဦးစန္ဒိမာ၊ အတက်နေ့တွင် ကျောက်ကုန်းမေဒိနီတောရ ကျောင်းတိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဦးဝိလာသနှင့် နှစ်ဆန်းတစ်ရက်တွင် မဟာဗောဓိ ကျောင်းတိုက်မှ ဦးဓမ္မစာရတို့က နေ့စဉ်မွန်းလွဲ ၂နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်သည်။ **(က-ပ)**

ဖလားဝါးနယူးဂျာနယ် အတွဲ(၁)အမှတ်(၂၃) ဖြန့်ချိ

ရန်ကုန် ဧပြီ ၃

ကိုကို(စက်မှုတက္ကသိုလ်) စီစဉ်သည့် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၁) အမှတ်(၂၃)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ ရန်ကုန်-ဗုဒ္ဓဂါယာ တိုက်ရိုက်လေကြောင်းလိုင်း စတင်ပြေးဆွဲ၊ မြန်မာ့ကော်ဖီခုနစ်နိုင်ငံသို့ တင်ပို့နေရ၊ ပြင်သစ်ကငါးနှစ်စာချုပ် ချုပ်ဆိုဝယ်ယူ စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ငလျင်အသစ်လား နောက်ဆက်တွဲ တုန်ခါမှုလား၊ သည်တစ်ကြိမ် လူသတ်ဆူနာမီ ဘာကြောင့်မလာသလဲ၊ လက်ဖက်ရည်ဖျော်ချိန်မရသူများအတွက် လက်ဖက်ရည် သကာလုံးတီထွင်၊ ပေကျင်းမြို့သားများ လူကြားထဲ တံတွေးထွေးခြင်းကို အမုန်းဆုံးဟုဆို စသည့်နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀က ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဧပြီ ၃

၂၀၀၅ခုနှစ် ဧပြီ ၂ရက် မြန်မာစံတော်ချိန် ၂၃နာရီ ၅၃မိနစ် ၃၄စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်း၏ အရှေ့ဘက်မိုင်၂၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ မိုးရွာသွန်းခဲ့

ရန်ကုန် ဧပြီ ၃

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ ဧပြီ ၄ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ

၃-၄-၂၀၀၅

မင်းဘူး မကွေး ရွှေကျင် သာယာဝတီ	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

တားမြစ်

အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဟွန်းမတီးရ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

4-4 (13).p65 1 3/24/05, 5:02 PM

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော ရွှေတောင်စားလမ်း ထပ်ပိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် သဲဖြူချောင်းတံတားသစ်ဖွင့် ဖဒိုနှင့် ကျောက်တံခါးသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်ပြီ

ကျောက်တံခါး ဧပြီ ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မီးတိုင်တောကျေးရွာ သဲဖြူချောင်းတံတားသစ်ဖွင့်ပွဲကို မတ်၂၇ရက် နံနက်၈နာရီက အဆိုပါတံတားရှေ့မှခ်ဦး၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် တံတားဖြစ်မြောက်ရေးကော်မတီရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အုတ်ခုံသစ်သားတံတား

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်း၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၀သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး အရှည်ပေ ၃၀၊ အမြင့် ၁၈ပေနှင့် အကျယ် ၁၈ပေ၊ ခံနိုင်ဝန်တန်၃၀ရှိ အုတ်ခုံ သစ်သားတံတားဖြစ်ပြီး ဖဒိုဒေသနှင့် ကျောက်တံခါးမြို့သို့ ကားကြီးကားငယ်များ တစ်နှစ်ပတ်လုံး ရာသီမရွေး ဆက်သွယ်သွားလာနိုင်သောတံတားဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေနံချောင်းမြို့နယ်တွင် နှစ်လက်မစက်ရေတွင်းဖွင့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီ

ရေနံချောင်း မတ် ၃၁

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးစီမံချက်အရ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ဆောင်ရွက်ခဲ့သော သန်းပင်ကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မတ်၂၃ရက် နံနက်၉နာရီက အဆိုပါစက်ရေတွင်းမုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၂) ဦးမျိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်က စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သောက်သုံးရေဖူလုံ

အဆိုပါ စက်ရေတွင်းမှာ တစ်နာရီ ရေဂါလန် ၇၀၀နှုန်းထွက်ရှိပြီး အိမ်ခြေ ၉၂အိမ်၊လူဦးရေ၄၇၉ဦးအတွက်သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျီးချောင်း-ရှော်ချောင်း ကျေးလက်လမ်း ကိုယ့်အားကိုယ်ကိုး မြေသားပြုပြင်ဆောင်ရွက်

မော်လမြိုင်ကျွန်း မတ် ၂၀

မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်သည် ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့်အတူ မတ် ၆ရက်က ကျီးချောင်း-ရှော်ချောင်းကျေးလက်လမ်းမြေသားပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ လမ်းပြုပြင်ရေး ကော်မတီအတွင်းရေးမှူး ဦးမြင့်အေးနှင့် ကော်မတီဝင်များက ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

ကိုယ့်အားကိုယ်ကိုးပြုပြင်

အဆိုပါ ကျီးချောင်း-ရှော်ချောင်း ကျေးလက်မြေသားလမ်းမှာ အရှည်ပေ ၃၁၈၀၊ အကျယ်ပေ ၂၀ရှိပြီး ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးနဲမြို့ ဇီဇဝါလမ်းကတ္တရာခင်း

မိုးနဲ မတ် ၁၅

၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် မိုးနဲမြို့တွင်း ဇီဇဝါလမ်း အရှည်ပေ ၆၆၀၊ အကျယ်၁၂ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို မတ်၃ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့က ရှင်းလင်းပြသကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

လယ်ဝေးမြို့နယ်၌ အမေ့အိမ်စာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

လယ်ဝေး မတ် ၂၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်မှ ဦးတေဇဝန္တ ဦးဆောင်စီမံမှုဖြင့် ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေကာကျေးရွာအုပ်စု အမေ့အိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ်၂ရက်က တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက စာအုပ်မျိုးစုံ ၃၀၀ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတင်လှိုင်က လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးရွာအုပ်စုအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်သော ဇီးဖြူတန်းရွာတွင် မြင့်မိုရ်ဦးစာကြည့်တိုက်၊ရှမ်းရွာတွင်ရှမ်းရိုးမစာကြည့်တိုက်၊ ဘိုကတော်ရွာတွင် ရှုမဝစာကြည့်တိုက်၊ သဖန်းပင်ရွာတွင် ရိုးမအလင်း စာကြည့်တိုက်နှင့်ဗွက်ကြီးရိုးရွာတွင် ပညာရောင်ရှိန် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများ ကျင်းပပြီး စာကြည့်တိုက်များအတွက် မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်က စာအုပ်မျိုးစုံ ၂၀၀ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကကျေးလက်အိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပျဉ်ထောင်အုပ်စု ရွာတန်းရှည် ကျေးရွာရှိ ဦးဘအေး၏ ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို မတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးမျိုး ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်

မော်လမြိုင် မတ် ၂၅

မော်လမြိုင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှင့် ပညာရေးဌာနတို့ ကြီးမှူးဖွင့်လှစ်သော နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်ပွဲကို မတ် ၁၀ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် ရာမညအားကစားကွင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းကို မတ်၁၀ရက်မှ ဧပြီ၁၀ရက်အထိ အားကစားမျိုးစုံ ၁၀မျိုးကို သင်ကြားပို့ချပေးမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၆၃၄ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(၁၆၈)**

အမှတ် ၈၂(စီ) သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးအေးသန့်၏(၆၉)နှစ်မြောက် မွေးနေ့အတွက် ဦးအေးသန့်–ဒေါ်အေးရီမိသားစုက စတုတ္ထအကြိမ်ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အတွင်းရေးမှူး(၂) ဦးခင်မောင်ဝင်း(ရွှေအင်းသား)နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ဒေါ်ရွှေဇီးကွက်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဒေါပုံ၌ကျင်းပ

ဒေါပုံ ဧပြီ ၃

၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်၂၆ရက်မွန်းလွဲပိုင်းက ဒေါပုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းပညာတန်ဆောင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး**(အောက်ယာပုံ)**မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဆွေဝင်းက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးပါမောက္ခ ဒေါက်တာ ကျော်မြင့်၏ ၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့က ပြောကြားခဲ့သော မိန့်ခွန်းကို ဖတ်ကြားသည်။

ထို့နောက် မြို့နယ်အတွင်း တီဘီရောဂါဆေး ကိုယ်တိုင်တိုက်ကျွေးပြီး လုပ်ငန်းအောင်မြင်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသော စေတနာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရသည်။**(ကျန်းမာရေး)**

မော်လိုက်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးမြစိန်–ဒေါ်ခင်ရွှေ သားသမီး၊ မြေးမြစ် မိသားစုတို့က မင်းကင်းကျောင်းတိုက် (ရန်ကုန်) အတွက် ဦးမြစိန်၏နှစ်(၉၀)ပြည့် မွေးနေ့အလှူငွေ ၁၁၁၁၁၁ကျပ်ကို ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အပြို့ပြို့ အနယ်နယ် သတင်းများ

ကြို့ပင်ကောက်မြို့ အမျိုးသမီးရေးရာအဖွဲ့ ဟောပြောပွဲကျင်းပ

ကြို့ပင်ကောက် မတ် ၂၂

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အမျိုးသမီးရေးရာအဖွဲ့ အကြောင်း ဟောပြောပွဲကို မတ် ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသင်းက အမျိုးသမီးရေးရာအဖွဲ့နှင့် ပတ်သက်သော ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးကြူက အမျိုးသမီးရေးရာအဖွဲ့ဝင်များ တိုးပွားရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသမီးများ၏ ပညာရေး၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စများကို အကျယ်တဝင့် ရှင်းလင်းဟောပြောကာ အမျိုးသမီးရေးရာ အဖွဲ့ဝင် သက်ငယ်အဆိုပြုလွှာ ၁၁၈ စောင်ကို အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအေးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသင်းသို့ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

(၈၄)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၃

စွမ်းအင်ဝန်ကြီးဌာန သန့်လျက်စွန်း စီမံလုံခြုံရေးဌာနမှ ဌာနစိတ်မှူး ဦးအုန်းကြိုင်(လူမှုထူးချွန် ပထမဆင့်)**(အပေါ်ပုံ)**သည် မတ် ၁၅ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၈၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ကြည့်ရှုစစ်ဆေး

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ဖေဖော်ဝါရီ ၄ရက်က ကျားရွာတွင် ကျေးလက်စက်ရေတွင်း ပုံမှန်လည်ပတ်နိုင်မှုကို ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ရမည်းသင်းမြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့ သရုပ်ပြ လေ့ကျင့်မှုကို မတ် ၂ရက်က ကျင်းပရာ မြန်မာ့ရေနံ ထွက် ပ စ္စည်း ရောင်း ဝယ် ရေး လုပ်ငန်းမန်နေဂျာဦးအောင်ထွန်းကိုနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်စုမှူး ဦးမြင့်ခိုင်နှင့်ဝန်ထမ်းများက မီးသတ်ယာဉ်နှင့် မီးသတ်ဆေးဘူးများအသုံးပြု၍ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ဖိုးတုပွဲ့ကျေးရွာ၌ တွင်းတိမ်လက်နှိပ်တုံကင်ဖွင့်ပွဲကို မတ် ၂၂ရက်က ကျင်းပရာ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် မြို့နယ်အတွင်းရေးမှူး ဦးသန်းဦးတို့က တုံကင်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (၁၃၄)

ရေဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် ဖျာပုံခရိုင်တွင် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

ဘိုကလေး မတ် ၂၀

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဖျာပုံခရိုင်တွင် စတုတ္ထအကြိမ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြနဒီဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး မောင်ဌေး၊ တိုင်းငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးဝင်းမြင့်မောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးဝင်းမြင့်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးသိန်းသန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးယုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက မြနဒီဆိပ်ကမ်းမှ မြစ်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးကြင်း၊ တီလားဗီးယား၊ ငါးခုံးမကြီး ကောင်ရေ၂၅သိန်းကို ငါးမျိုးစိုက်ထည့်ပေးကြသည်။**(မြို့နယ်ပြန်/ဆက်)**

မူကြိုကလေးများ ပြုစုပျိုးထောင်ရေး တာချီလိတ်မြို့နယ်၌ သင်တန်းဖွင့်

တာချီလိတ် မတ် ၂၀

တာချီလိတ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မူကြိုအရွယ်ကလေးများ ပြုစုပျိုးထောင်ရေး အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက်က အသင်းရုံး၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သူသူမင်းစံနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့ပေါ် မူကြိုကျောင်းများမှ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှထွေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်တင်အေးကြည်က မူကြိုကျောင်း များနှင့်ပတ်သက်၍လည်းကောင်း၊ မူကြို(၅)ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သိန်းမြင့်က သင်တန်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။**(ခရိုင် ပြန်/ဆက်)**

မတ် ၂ရက်က လက်ပံတန်းမြို့ ရေကြည်ပေါက် တောစု လူသွားလမ်းအား ယာဉ်များ သွားလာနိုင်အောင် မြေသားဖို့ ပြုပြင်ခြင်း၊ မိုင်တိုင် အမှတ်အသားများ စိုက်ထူခြင်းနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခြင်းကို လမ်းကော်မတီဝင် ဦးရဲလွင်နှင့်အဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ လမ်းကို ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ကြစဉ်။

(မြို့နယ်ပြန်/ဆက်)

နမ့်ခမ်းမြို့ ပျိုးဥယျာဉ်၌ ပျိုးပင်များစစ်ဆေး

နမ့်ခမ်း မတ် ၁၀

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့်အတူ ဖေဖော်ဝါရီ ၃၀ ရက်က နမ့်ခမ်းမြို့ သာယာလှပရေးအတွက် ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ဖူးပွင့်ဝေဆာနေမှု အခြေအနေများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၂၅)နှစ်မြောက် မင်္ဂလာရက်မြတ်

ဖေဖေ **ဦးအေးထွန်း** နှင့် မေမေ **ဒေါ်အေးအေးသန့်** တို့၏ ၄-၄-၂၀၀၅ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ချမ်းမြေ့သာယာသော ဘဝခရီးကို ချစ်သားများနှင့်အတူ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ-

သားကြီး-ဇေယျာထွန်း
သားငယ်-ကြည်မင်းဟန်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
သစ္စာလမ်း၊ရန်ကင်းစာတိုက်-ရန်ကုန်မြို့
လျှောက်လွှာခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနတွင် လစာနှုန်းကျပ်(၅၄၀၀-၁၀၀-၅၉၀၀)ဒု-ဦးစီးမှူး(ဘူမိ)ရာထူး (၉)နေရာ ဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် သိပ္ပံဘွဲ့(ဘူမိဗေဒ) (သို့မဟုတ်) အေဂျီတီအိုင်(မိုင်း) အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါ ရာထူးနေရာအတွက် အရည်အချင်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၃၁-၃-၂၀၀၅ရက်တွင် အသက် ၃၀နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရ အမျိုးသားများနှင့်သာ ပိုမိုသင့်လျော်ပါသည်။
(ဃ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်)နှင့်ကြိုတင်ညှိနှိုင်းထားသည့် အတိုင်း ဝန်ထမ်းမဟုတ်သူများသည် အောက်ဖော်ပြပါ အချက်အလက်များကို ပူးတွဲလျက် သက်ဆိုင်ရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးမှတစ်ဆင့် လည်းကောင်း၊ အမြဲတမ်း ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် (၃၁-၅-၂၀၀၅)ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) သစ္စာလမ်း၊ ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့သို့ လျှောက်လွှာများ ပေးပို့ရပါမည်။ မိတ္တူတစ်စောင်ကို လျှောက်လွှာပိတ်ရက်မတိုင်မီ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)သို့ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

(က) လျှောက်ထားသူအမည်၊နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် မွေးသက္ကရာဇ်။
(ခ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့် ခုနှစ် (ပညာအရည်အချင်း အောင်လက်မှတ် မိတ္တူပူးတွဲပေးရန်)။
(ဂ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်။
(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ။
(င) ဝန်ထမ်းမဟုတ်သူများအတွက် သက်ဆိုင်ရာမြို့နယ်၊ ပြည်သူ့ ရဲတပ်ဖွဲ့စခန်းမှ ၃၁-၁၂-၂၀၀၄ရက် နောက်ပိုင်း အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်။

၄။ စာမေးပွဲဝင်ကြေးငွေ ကျပ်၁၀၀/-ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၃) စာရင်း အမှတ်(အမ်ဒီ-၀၀၁၄၂၀)သို့ အထွေထွေရငွေ ခေါင်းစဉ်တွင် ဖော်ပြလျက် ပေးသွင်းပြီး ငွေသွင်းချလန်မူရင်းကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရပါမည်။

၅။ အောက်ဖော်ပြပါဘာသာရပ်များအတွက် ရေး ဖြေစာမေးပွဲကို ဖြေဆို ရမည်ဖြစ်ပြီး၊ စာမေးပွဲကျင်းပမည့် နေ့ရက်နှင့် အချိန်ကို သီးခြား အကြောင်းကြားမည်ဖြစ်ပါသည်-

(က) မြန်မာစာနှင့် အင်္ဂလိပ်စာ
(ခ) အထွေထွေဗဟုသုတ

၆။ သိလိုသော အချက်အလက်များကို ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၅၇၈၁၀၀၊ ၅၇၈၁၀၂၊ လိုင်းခွဲ(၃၁)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ လူစီးတွဲများ ပိုးမွှားနှိမ်နင်းရေး လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန် ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်-၀၃/မမ/ပြည်တွင်း/တွဲပိုးမွှားနှိမ်နင်းရေးလုပ်ငန်း (CME) ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့် အချိန်-၁၉-၄-၂၀၀၅(အင်္ဂါနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် ၄-၄-၂၀၀၅ရက်နေ့မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယ အထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် (၅၁) လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ (၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၆၁၃)

ဦးချမ်း(UC)တံဆိပ် လုံချည်အတွက် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၃၃၊ ၁၃၅လမ်းနေ ဦးချမ်း(ခ) ဦးထွန်းအောင်သည် **ဦးချမ်း(UC)**အမည်နှင့် ချည်ချောလုံချည်များကို ထုတ်လုပ်၍ မင်္ဂလာဈေး အမှတ်(၁၆၅/၂၀၄) မြေညီထပ်ဆိုင်မှ ဖြန့်ချိခဲ့ပြီး နာမည်ကောင်း၍ အဝယ်လိုက်လာသဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၉၉၉ခုနှစ် မှတ်ပုံတင်အမှတ်(၄/၃၈၁၄)အရ မှတ်ပုံတင်ကာ ဆက်လက်ရောင်းချလာခဲ့ပါသည်။

ဤသို့ တရားဝင်မှတ်ပုံတင်ထားသည့် **ဦးချမ်း(UC)** အမှတ်တံဆိပ်အမည်ကို အတုအပပြုလုပ်၍ ထုတ်လုပ်ဖြန့်ချိခဲ့ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိရှိစေရန် သတိပေး ကြေညာအပ်ပါသည်။

ဦးသန်းတင်(ဘီအေ၊ ဘီအယ်လ်)
တရားရုံးချုပ်ရှေ့နေကြီး(၈၀၁/၁၉၅၇)
အမှတ် ၁၃၄၊ ၃၇လမ်း၊ ရန်ကုန်မြို့။
ရုံးဖုန်း-၃၇၇၀၄၅၊ အိမ်ဖုန်း-၂၉၃၆၆၁။

မင်းသိခ်
ပက်ထရစ် ရွှေဂေါင်း
ယဉ်ကျေးမှုနှင့် သမိုင်းကို ထင်ဟပ်နေသော "ပက်ထရစ်" ↕ လောကကြီးကို အမှုထမ်းနေသော "ရွှေဂေါင်း"
တစ်သက်တွင် နှစ်အတော်ကြာ ကျင်လည်ခဲ့ရသော "ပက်ထရစ်ရွှေဂေါင်း"
"ပက်ထရစ်ရွှေဂေါင်း" ၏ ဘဝဇာတ်လမ်း

FAME Milk Thistle
အသည်းဆေး

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူများအတွက်
MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ
● Junior Management & Office Staff Training
ဤသင်တန်းတွင် ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်ပညာ၊ Internet, Email အသုံးပြုပုံတို့ကို အခြေခံမှုစ၍ သင်ကြားပေးပါသည်။
သင်တန်းကာလ - ၁၄ ပတ် သင်တန်းကြေး - ၁၆၀၀၀ိ/-
● Desktop Publishing Course (DTP)
ကွန်ပျူတာဖြင့် စာစီစာရိုက် ဒီဇိုင်းရေးဆွဲခြင်းကို အခြေခံမှုစ၍ သင်ကြားပေးပါသည်။
သင်တန်းကာလ - ၁၃ ပတ် သင်တန်းကြေး - ၁၈၀၀၀ိ/-
သိမ်ကြီးဈေး (ဃ) ရုံးအဆောင်(၃/၄) ဖုန်း - ၂၄၅၇၅၈၊ ၂၄၅၇၆၂၊ ၃၈၂၉၈၁

P.E.S. U WIN MAW (RESEARCH)
TOEFL, IELTS, GCE, SAT, ... စသည့်စာမေးပွဲတွေဖြေမည် ဆိုရင်တော့ ENGLISH GRAMMAR ကိုတတ်အောင် အရင်သင်ပြီးမှ စာမေးပွဲတွေကို ဖြေကြပါ။
ENGLISH GRAMMAR
အင်္ဂလိပ်စာ လေ့လာသူတိုင်းအတွက် အခြေခံမှစ၍ အဆင့်မြင့်အထိ
နွေရာသီ (၃-လ) အထူးသင်တန်း 4-4-2005 မှစမည်။ ☎ 503984 222428
အမှတ်(၁၈)၊ ၄-ထပ်(ညာဘက်)ရတနာလမ်း၊ ယုဇနကုန်တိုက်ဆောင်၊ မြေနီကုန်း၊ ရန်ကုန်မြို့။

စိတ်မချနိုင်ဘူး၊ တောင်သမန်သစ္စာနှင့် မိုက်လမ်းပြန်ဇာတ်ကားများ မကြာမီ ရုံတင်ပြသမည်

ရန်ကုန် ဧပြီ ၃

အရက်သည် လူ့ဘောင်ကို ဆိုးကျိုးပေးလျက်ရှိသော မူးယစ်ဆေးပင် ဖြစ်သည်။ ကောင်းကျိုးမပေးသော မူးယစ်ဆေးများကိုတိုက်ဖျက်ရာတွင် အရက်လည်း အပါအဝင်ဖြစ်သည်။

မောင်ဆွေထွန်း

ခေတ်အဆက်ဆက် အရက်၏ အန္တရာယ်ကို ဖော်ထုတ်တင်ပြခဲ့ကြရာ စာရေးဆရာကြီး ဦးဖိုးကျား၏ အရက်သမားဝတ္ထုမှာ တင်ပြပုံအနုပညာ မြောက်၍ထိရောက်မှုရှိခဲ့သည်။ အရက်သမားဝတ္ထုကိုတစ်ခေတ်က ဒါရိုက်တာခင်စိုးက **ပယင်းရောင်** အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့၍ ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်းတို့ သရုပ်ဆောင်ခဲ့ကြသည်။ ယခုတစ်ဖန် ဦးဖိုးကျား၏ အရက်သမားဝတ္ထုကို ထိုအမည်အတိုင်းပင် ဒါရိုက်တာ ဝင်းထွန်းထွန်းက ရာဇာနေဝင်း၊ မင်းဟိဏ်း၊ ခိုင်သင်းကြည်၊ ဆုပန်ထွာတို့နှင့်ရိုက်ကူးခဲ့ရာ မကြာမီ **အရက်သမား** ဇာတ်ကားကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

လာမည့် ဧပြီ၂၂ရက် သောကြာနေ့တွင် ရွှေမန်း၊ စံပြ၊ သီတာရုံများ၌ ရုံတင်ပြသမည်ဟု သိရသည်။

"အရက်သမား"ဇာတ်ကားမှ ခိုင်သင်းကြည်၏ခံစားမှု။

စိတ်မချနိုင်ဘူး

လိုင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)က **စိတ်မချနိုင်ဘူး** ဇာတ်ကားကို ရိုက်ကူးလျက်ရှိသည်။ ထိုဇာတ်ကားတွင် ကျော်ရဲအောင်၊ဒွေး၊ရန်အောင်၊ရဲအောင်၊ နန္ဒာလှိုင်နှင့် မေသဥ္ဇာဦးတို့ သရုပ်ဆောင်ပါဝင်ကြသည်။ မေတ္တာဘွဲ့ ဇာတ်ကားတစ်ကားဖြစ်၍လက်စသတ် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

တောင်သမန်သစ္စာ

လှိုင်ရုပ်ရှင်မှပင် **တောင်သမန်သစ္စာ** ဇာတ်ကားကို ဒါရိုက်တာ မောင်နန္ဒက လက်စသတ်ရိုက်ကူးလျက်ရှိသည်။ ဇာတ်ဝင်ကားအချို့ကို ဧပြီ ၅ ရက်တွင် မြရိပ်ညိုဟိုတယ်၌ လက်စသတ် ရိုက်ကူးမည်ဖြစ်သည်။ **တောင်သမန်သစ္စာ**တွင် မေတ္တာတရား၏နက်နဲမှုကို ဦးတည်တင်ပြထား၍ ရန်အောင်၊ ဒွေး၊ နန္ဒာလှိုင်နှင့် မေသန်းနုတို့ ပါဝင် သရုပ်ဆောင်ထားကြသည်။ ။

(မြန်မာ့အလင်း)

"မိုက်လမ်းပြန်"ဇာတ်ကားမှ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

မိုက်လမ်းပြန်ဇာတ်ကား မကြာမီရုံတင်ပြသမည်

ရန်ကုန် ဧပြီ ၃

စနိုးဝိုက်ရုပ်ရှင်မှ ဒါရိုက်တာ မောင်မောင်ဦး၊ ဝတ္ထုဇာတ်ညွှန်း ကိုလွင်၏ **မိုက်လမ်းပြန်** ဘဝပညာပေး အချစ်ဇာတ်ကား မကြာမီ နဝဒေး၊ ရွှေမန်း၊ စံပြနှင့် သီတာရုံများ၌ ရုံတင်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထိုဇာတ်ကားမှာ လူ့ဘောင်၏ အမှောင်တရားများကို ဖြိုခွင်းရန် သင်ခန်းစာပေးရိုက်ကူး၍ နိုင်းနိုင်း၊ ဖြိုးငွေစိုးနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင် သရုပ်ဆောင်ထားကြသည်။ **(မြန်မာ့အလင်း)**

"တောင်သမန်သစ္စာ"ဇာတ်ကားတွင် သရုပ်ဆောင် နန္ဒာလှိုင်၏ အလှ။

မေ ၃ ရက်က မြိတ်မြို့ မဟာသိဒ္ဓိဇယ စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်နန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ရတနာစိန်ဖူးတော်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်အား ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေးကျွန်းဆီမီးစေတီတော် ဖူးမြော်ကြည်ညို မြိတ်မြို့ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအားကြိုဆိုနှုတ်ဆက်

ရန်ကုန် မေ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် (Chief of General Staff) Senior Lieutenant General, Phung Quang Thanh နှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၅ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh နှင့်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ *စာမျက်နှာ ၄ ကော်လံ ၁* ●

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သုံးနိုင်ငံ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် မေ ၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့၏ဖိတ်ကြားချက်များအရ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**